# ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ စနေနေ့၊ (21-8-2004) (၄၃၃၂)


**ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။**

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

**ရန်ကုန်မိုး**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး
## သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြား
## စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၇၂ သန်းဖြန့်ဝေနိုင်မည်

ရန်ကုန် ဩဂုတ် ၂၀

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၇ရက် နံနက်၁၀နာရီခွဲက မိုင်းပန်မြို့နယ် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးသာအောင်က ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

**ထုတ်လွှတ်ဖြန့်ဝေမည်**

အဆိုပါကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအား ၂၀၀၃-၂၀၀၄ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ၁၈မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် စက်သုံးလုံးတပ်ဆင်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

**ဩဂုတ် ၂၀ရက်က ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးကြီးမောင်ဦးလွင် အဖွင့်အမှာစကားပြောကြားစဉ်။** (သတင်း-၈) (သတင်းစဉ်)

**ဆောင်းပါးအညွှန်း**

***စစ်အေး တိုက်ပွဲလွန်ကာလမှာ အမေရိကန်တို့ဟာ ကမ္ဘာကြီးကို သူတို့ထင်သလို အလွယ်တကူ ခြယ်လှယ်နိုင်ပြီး ပုံသွင်းနိုင်ပြီလို့ တွက်ဆထားပါတယ်။ ဒါပေမယ့် ဒီတွက်ဆမှုတွေဟာ အစွန်းရောက် စိတ်ကူးယဉ်မှုတွေသာ ဖြစ်ပါတယ်။ ဘယ်လိုမှ အရာမရောက်ဘူးဆိုတာကို တကယ့်လက်တွေ့ဘဝက သက်သေပြနေလို့ ဖြစ်ပါတယ်။***

အောင်မိုးစံ၏ **"အစွန်းရောက် အမေရိကန်နိုင်ငံခြားရေးဝါဒရဲ့ဆိုးကျိုးများ"** ဆောင်းပါး

(စာမျက်နှာ-၃)

***ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ထူထောင် ဖွင့်လှစ်နိုင်သည်နှင့်အမျှ ကျေးလက်ပြည်သူများ စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး အသိပညာများ တိုးတက်လာ၍ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ပိုမိုဖြစ်ထွန်းအောင်မြင်လာတော့မှာ ဖြစ်သည်။***

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **"ကျေးလက် စာကြည့်တိုက်များ ထူထောင်ဖို့ ပူးပေါင်းပါဝင်ကူညီစို့"** ဆောင်းပါး

(စာမျက်နှာ-၁၀)

# ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲကျင်းပပြီးစီး

**ရန်ကုန် ဩဂုတ် ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကို ယမန်နေ့ညနေ၅နာရီတွင် ဆက်လက်ကျင်းပရာ ည၆နာရီခွဲ၌ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယမန်နေ့ ညနေပိုင်းတွင် ကျောက်မျက်အတွဲပေါင်း၁၅တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင် ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကို ဩဂုတ်၁၆ရက်မှ ၁၉ရက်အထိ လေးရက်တိုင် ကျင်းပခဲ့ရာ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်၈၉၉ဦးတို့က ကျောက်မျက်အတွဲပေါင်း၂၄၅တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း၇၇တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြပြီး အမြင့်ဆုံးဈေးနှုန်းဖြင့် ဝယ်ယူအားပေးကြသည့် ရတနာကုန်သည်များအား ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများကအမှတ်တရလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြကာ ဩဂုတ် ၁၉ရက်ညပိုင်းတွင် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

21-8)KM.P65 1 04/21/8, 1:08 AM

ကြေးမုံ The Mirror

၂၁-၈-၂၀၀၄ (စနေနေ့)

# ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ထိန်းသိမ်း တစ်သွေးတည်း တစ်သားတည်း တက်ညီလက်ညီ ကြိုးပမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတို့အတွက် နိုင်ငံတော်ကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။

ယနေ့နိုင်ငံတကာ၏ အခြေအနေနှင့် ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား နစ်နာဆုံးရှုံးမှုမရှိစေရန် အားထုတ်ကြိုးပမ်းနေရသော အချိန်အခါဖြစ်သည်။

ထို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးအချို့က နိုင်ငံရေးပယောဂ ယှက်နွှယ်ပြီးမြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို အသုံးပြုပြီး ဖိအားပေးအကျပ်ကိုင်မှုများဖြင့် နှောင့်ယှက်လျက်ရှိနေကြသည်။ အဆိုပါ နိုင်ငံကြီးအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများကလည်း နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို ဖျက်လိုဖျက်ဆီးလုပ်ကိုင်လျက်ရှိနေသည်ကိုတွေ့မြင် သိရှိနေရသည်။

ယင်းသို့သော အချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ကျော်လွှားပြီး မိမိနိုင်ငံနှင့် လူမျိုးတိုးတက် ကြီးပွားစေရန် အင်ပြည့်အားပြည့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါးသြဇာလောင်းရိပ်ကင်းရှင်းစွာ နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်တစ်ဝန်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သာမန်ကြိုးပမ်းအားထုတ်ရုံမျှဖြင့် မလုံလောက်ပေ။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ ခိုင်မာသော စိတ်ဓာတ်၊ စုစည်းညီညွတ်သည့် စွမ်းပကားများဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းနိုင်မှသာ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်းတည်ငြိမ်အေးချမ်းသာယာမှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းရရှိနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြစ်ထွန်းရရှိနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် တစ်သွေးတည်း၊ တစ်သားတည်း တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၀၅ ခုနှစ် မတ် ၂၇ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပု ပြိုင်ပွဲပြပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

**အဆင့် (၆)ဆင့် ခွဲထား**

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့်(မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး)အဆင့်(တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့်(ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့်(အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့်စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့်(တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီ၊ ပန်းပုကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်(၆)ဆင့်ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် (ပလာစတာ)နှင့် ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲအမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင် ပန်းချီကား၏ အရွယ်အစားမှာ အလျား လက်မ ၂၀၊ အနံ ၁၅လက်မ အရွယ်အတွင်း နှစ်သက်ရာဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြလျက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်။

နှစ်လက်မ x နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၂၃-၂-၂၀၀၅ရက် နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃)နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာပန်းချီကားများကို ၁-၃-၂၀၀၅ရက်တွင် တပ်မတော်ခန်းမသို့ စုစည်းပေးပို့ရမည်။

အလွတ်တန်းအဆင့် (ပန်းချီ)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို အလျား လက်မ ၃၀၊ အနံ လက်မ ၂၀ အရွယ်အတွင်း နှစ်သက်ရာဆေး၊ စက္ကူ၊ ကင်းဗတ်နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်။ နှစ်လက်မ x နှစ်လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၁-၃-၂၀၀၅ရက် နောက်ဆုံးထား၍အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ် ၁ရက်မှ ၃ရက်အတွင်း အတွင်းရေးမှူး ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

အလွတ်တန်းအဆင့် (ပန်းပု)(ပလာစတာ)နှင့် အလွတ်တန်းအဆင့် (ပန်းပု)(သစ်သား) ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင် ပန်းပု လက်ရာများသည် အမြင့် (၃၆) လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည် (၂၄) လက်မထက်မကြီးစေရ၊ နှစ်သက်ရာသစ်သား၊ ပလာစတာ စသည်တို့ဖြင့် ပြုလုပ်နိုင်သည်။

ကိုယ်တိုင်ထုလုပ်ကြောင်းဝန်ခံချက်၊ အမည်၊မှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာ၊ ကိုယ်ရေးအကျဉ်းတို့နှင့် အတူ နှစ်လက်မ x နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ ပူးတွဲပါရှိရမည်။

ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့ တင်သွင်းခဲ့ဖူးသည့် ရုပ်တုမဖြစ်စေရ၊ ၂၀၀၅ ခုနှစ် မတ် ၃ရက်နောက်ဆုံးထား၍ အတွင်းရေးမှူး၊ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်၊ နှစ် (၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲ ထုဆစ်ကြရန် ဖြစ်သည်။

**ပေးပို့နိုင်**

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင်ပန်းချီ၊ ပန်းပုလက်ရာများကို ၂၀၀၅ခုနှစ် မတ် ၁ ရက်နေ့ နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ်(၁)ရက်မှ (၃)ရက်အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပု ပြိုင်ပွဲဝင် လက်ရာများအပြင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြု ပြပွဲတင် ပန်းချီနှင့် ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတင် ပန်ချီကားနှင့် ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန် ဖြစ်သည်။

ရှေးခေတ် မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလစသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အားထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတွင် ပန်ချီးကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၅ ခုနှစ် မတ် ၁ ရက်မှ ၅ ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့ တိုက်ရိုက်ပေးပို့တင်သွင်းရန်ဖြစ်သည်။

(သတင်းစဉ်)

**အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ အမက(၈)၏ "မာန်" ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၈ရက်ကကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရန်နောင်၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင်ပြန်/ဆက်)

# အငယ်တန်းစနူကာပြိုင်ပွဲအကြိုဗိုလ်လု သန်းဌေးနှင့် ခွန်ဇော်ထွေး ဗိုလ်လုပွဲတက်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ကကြီးမှူးပြီး စိန်ဝတ်မှုံကုမ္ပဏီက ပံ့ပိုးမှုဖြင့်ကျင်းပသည့် RAVE မြန်မာ အငယ်တန်းစနူကာ ၂၀၀၄ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ (၃၈)လမ်းရှိ အာရှပလာဇာ ဘိလိယက်နှင့် စနူကာခန်းမတွင်ကျင်းပရာ သန်းဌေး(မွန်ပြည်နယ်)က ကျော်မိုး (ရှမ်းပြည်နယ်)ကိုလည်းကောင်း၊ ခွန်ဇော်ထွေး(ရှမ်းပြည်နယ်)က စိုင်းထွေး(ရန်ကုန်)ကိုလည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သည်။

ဗိုလ်လုပွဲအဖြစ် ခွန်ဇော်ထွေး(ရှမ်းပြည်နယ်)နှင့် သန်းဌေး(မွန်ပြည်နယ်)တို့ ဩဂုတ် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

# အစွန်းရောက် အမေရိကန်နိုင်ငံခြားရေးဝါဒရဲ့ ဆိုးကျိုးများ

အောင်မိုးခံ

စီးပွားရေး စနစ်သစ်တစ်ရပ်၊ ခေတ်သစ်တစ်ရပ်ဟာ သူ့အလိုအလျောက် မိုးပေါ်က ကျလာတာ မဟုတ်သလို မြေကြီးထဲကလည်း ဘွားခနဲပေါ်ထွက်လာတာ မဟုတ်ပါ။ မြစ်ဖျားခံရာ၊ သန္ဓေတည်ရာ၊ အကြောင်းရင်းခံရာ အတိတ်လူမှုစီးပွားရေး ဘဝသမိုင်းကြောင်းတစ်ခုက ပေါက်ဖွားလာရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် ဆိုရှယ်လစ်စနစ် ကျင့်သုံးခဲ့တဲ့ နိုင်ငံတွေဟာ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးစနစ်၊ ပုဂ္ဂလိကရဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပိတ်ပင်ထားခဲ့တဲ့ ခေတ်ဟောင်းလူမှုစီးပွားရေး ဥဒ္ဒဟောင်းထဲက ထွက်လာရတာ ဖြစ်ပါတယ်။ အဲဒီလို ခေတ်စနစ်ကူးပြောင်းရာမှာ ခေတ်ဟောင်းရဲ့ ဒုက္ခပင်ပိုပက္ခရော ခေတ်သစ်ရဲ့ ဒုက္ခပင်ပိုပက္ခတွေပါ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး နယ်ပယ်တွေမှာ ရောထွေး ကြုံတွေ့ရလေ့ရှိတယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

ဒီအခက်အခဲတွေကို ဖြတ်သန်းရှေ့ဆောင်လာခဲ့ရတဲ့ တည်ဆဲ တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်စည်းလုံးရေးနဲ့ စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ ဒါတွေဟာ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေး ကြိုးပမ်းမှုများ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရ ပေါ်ပေါက်လာချိန်ကစလို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနဲ့ ကုန်သွယ်ရေးကဏ္ဍ အသီးသီးဟာ လွတ်လပ်ပွင့်လင်းလာခဲ့ပါတယ်။ လူနေမှုအဆင့်အတန်းတွေလည်း ပြောင်းလဲတိုးတက်လာပါတယ်။ အခြေခံအဆောက်အအုံ (Infrastructure)တွေလည်း ဘယ်ခေတ် ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက်လာတယ်။ ပြည်တွင်းဈေးကွက်လည်း ကျယ်ပြန့်လာပြီး ပြည်ပဈေးကွက်နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာတယ်။ အထူးသဖြင့် အာဆီယံ+၃ နိုင်ငံများနဲ့သာမက အိမ်နီးချင်းနိုင်ငံတွေ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံတွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာတယ်။ ပြည်ပဝယ်လိုအားတွေလည်း ပေါ်ပေါက်လာသလို ပြည်တွင်းထုတ်လုပ်မှုတွေလည်း တိုးမြင့်လာနေပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ စီးပွားရေး ဖြတ်တောက်ပိတ်ဆို့မှုတွေက အတားအဆီး ဆူးငြောင့်ခလုတ်သဖွယ် ကြုံနေရပါတယ်။ ဒါဟာ စီးပွားရေး ခြေလှမ်းခိုင်မြဲမှုပေါ်မှာ နိုင်ငံရေးလွတ်လပ်မှု (ဒီမိုကရေစီ) ထူထောင်ကျင့်သုံးရေးမူကို ကိုင်စွဲအကောင်အထည်ဖော်နေတဲ့ တပ်မတော်အစိုးရအပေါ် ချက်ချင်း အနောက်ဒီမိုကရေစီ ပုံတူကူးရေးမူကို ကိုင်စွဲထားတဲ့ ပါတီအဖွဲ့အစည်းအချို့ရဲ့ မစေ့စပ်ရေး၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလှုပ်ရှားမှုကို အကြောင်းပြုပြီး အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေက ဝင်ရောက်စွက်ဖက် ဖိအားပေးလာတာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအပေါ် အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ စစ်အေးတိုက်ပွဲလို သဘောထားကို ဆက်လက်ကျင့်သုံးမှုလည်း ဖြစ်ပါတယ်။ ခြုံပြီးပြောရမယ်ဆိုရင် အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံရဲ့ တပ်မတော်အစိုးရအပေါ် သူတို့ဩဇာခံဖြစ်ရေးအတွက် တစ်ဖက်သတ် ကြိုးပမ်းအကျပ်ကိုင်မှု ဖြစ်ပါတယ်။ အချို့အနောက်နိုင်ငံတွေက နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားရေးအတွက် ပြည်ပ ဖိအားတွန်းအားတွေ၊ စစ်အင်အားသုံး အကြမ်းဖက် ကျူးကျော်မှုတွေနဲ့ မရနိုင်ဘူးဆိုတာကို ဆင်ခြင်သိမြင်လာပြီဖြစ်ပါတယ်။

**မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ စီးပွားရေး ဖြတ်တောက်ပိတ်ဆို့မှု တွေက အတားအဆီး ဆူးငြောင့်ခလုတ်သဖွယ် ကြုံနေရပါတယ်။ ဒါဟာ စီးပွားရေးခြေလှမ်း ခိုင်မြဲမှုပေါ်မှာ နိုင်ငံရေးလွတ်လပ်မှု (ဒီမိုကရေစီ) ထူထောင်ကျင့်သုံးရေးမူကို ကိုင်စွဲအကောင်အထည် ဖော်နေတဲ့ တပ်မတော်အစိုးရအပေါ် ချက်ချင်းအနောက်ဒီမိုကရေစီ ပုံတူကူးရေးမူကို ကိုင်စွဲထားတဲ့ ပါတီအဖွဲ့အစည်းအချို့ရဲ့ မစေ့စပ်ရေး၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလှုပ်ရှားမှုကို အကြောင်းပြုပြီး အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေက ဝင်ရောက်စွက်ဖက် ဖိအားပေးလာတာ ဖြစ်ပါတယ်။**

စစ်အေးတိုက်ပွဲလွန်ကာလမှာ အမေရိကန်တို့ဟာ ကမ္ဘာကြီးကို သူတို့ထင်သလို အလွယ်တကူ ခြယ်လှယ်နိုင်ပြီး ပုံသွင်းနိုင်ပြီလို့ တွက်ဆထားပါတယ်။ ဒါပေမယ့် ဒီတွက်ဆမှုတွေဟာ အစွန်းရောက် စိတ်ကူးယဉ်မှုတွေသာ ဖြစ်ပါတယ်။ ဘယ်လိုမှ အရာမရောက်ဘူးဆိုတာကို တကယ့်လက်တွေ့ဘဝက သက်သေပြနေလို့ ဖြစ်ပါတယ်။ ဥပမာဆိုရရင် ကိုဆိုဗိုကိစ္စရှိတယ်။ ပထမ ပင်လယ်ကွေ့စစ်ပွဲရှိတယ်။ အာဖဂန်စစ်ပွဲရှိတယ်။ ယခု နောက်ဆုံး ဒုတိယ ပင်လယ်ကွေ့စစ်ပွဲ (အီရတ်စစ်ပွဲ)ရှိတယ်။ ကုလသမဂ္ဂအလံ လွှင့်နိုင်သည်ဖြစ်စေ၊ မလွှင့်နိုင်သည်ဖြစ်စေ ဘယ်နေရာမှာမှ တည်ငြိမ်ခိုင်မာတဲ့နိုင်ငံသစ်များ ပေါ်ထွက်မလာနိုင်လို့ ဖြစ်ပါတယ်။ ဒီအချက်က အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ စစ်အေးတိုက်ပွဲပြီးခါစက အိပ်မက်များဟာ ထင်သလိုမလွယ်ဘူးဆိုတဲ့ လက်တွေ့ဘဝ အဖြေတွေ ဖြစ်ပါတယ်။

စစ်အေးတိုက်ပွဲလွန်ခါစမှာ ဘာလင်တံတိုင်းကြီး ပြိုကျသွားတဲ့ (၁၁ လ-၉ ရက်) ၁၁/၉ ဂလိုဘယ်လိုက်ဖေးရှင်းကို မြင်တွေ့နေရသလို စစ်အေးတိုက်ပွဲလွန်ပြီးတဲ့ အချိန်မှာ အမေရိကန်မျှော်စင်ညီနောင် ပြိုကျသွားတဲ့ (၉ လ-၁၁ ရက်) ၉/၁၁ ဂလိုဘယ်လိုက်ဖေးရှင်းကို တွေ့လာရတယ်။ ဘာတွေပဲဖြစ်ဖြစ်၊ ဒီကနေ့ကာလမှာ နိုင်ငံတကာတွင် ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး (ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး)ကိုသာ ကြိုးပမ်းသွားရမယ်ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အကြမ်းဖက်မှုတွေ ချုပ်ငြိမ်းအောင် ကြိုးပမ်းသွားရမယ်ဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စု နိုင်ငံအချို့ဟာ အင်အားသုံး အကြမ်းဖက်စစ်ပွဲတွေ ဆင်နွှဲလာပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ပြည်တွင်းရေးတွေမှာ လက်ရဲဇက်ရဲ ဝင်ရောက်စွက်ဖက်လာတယ်။ နောက်ဆုံး ကမ္ဘာ့ကုလသမဂ္ဂ အခြေခံမူကိုပင် ဖောက်ဖျက်ဆန့်ကျင်ပြီး မထင်ရင် မထင်သလို အကြမ်းဖက်အင်အားသုံး ကျူးကျော်စစ်ပွဲတွေ ဆင်နွှဲလာတယ်။ အဲဒီလို အမေရိကန်အစိုးရနဲ့ အပေါင်းပါတွေကိုယ်တိုင် အကြမ်းဖက် အင်အားသုံးစစ်ပွဲတွေ ဆင်နွှဲနေမှုဟာ အကြမ်းဖက်မှုတွေကို ဘယ်လိုမှ ချုပ်ငြိမ်းစေမယ်မဟုတ်ပါ။ မကြာသေးခင်က အမေရိကန်နိုင်ငံ ဘော်စတွန်မှာ ကျင်းပတဲ့ ဒီမိုကရက်တစ်ပါတီ ညီလာခံတွင် သမ္မတဟောင်း ဂျင်မီကာတာက ဘုရှ်အစိုးရအပေါ် “ယခုအခါတွင်မူ အမေရိကန်ရဲ့ ဂုဏ်သိက္ခာဟာ ပြိုကွဲကျဆင်းသွားပြီဖြစ်ပြီး ကျွန်ုပ်တို့ဟာ တစ်နေ့တခြား အထီးကျန်ဖြစ်လာနေကာ ကမ္ဘာကြီးရဲ့ ရန်သူလို အနေအထားကို ရောက်ရှိသွားပြီဖြစ်ကြောင်း၊ ကမ္ဘာကြီးက ယုံကြည်အားထားမှုမရှိလျှင် အမေရိကန်ဟာ ဂုဏ်ရောင်ပြောင်လိမ့်မည်မဟုတ်ကြောင်း” ဝေဖန်ပြောကြားသွားခဲ့ပါတယ်။ ဒီကနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အမေရိကန်နဲ့ အပေါင်းပါ အနောက်အုပ်စုနိုင်ငံအချို့ရဲ့ မောက်မာ ထောင်လွှားစွာ မလေးမခန့် ဗိုလ်ကျစိုးမိုးရေး လုပ်ရပ်များနဲ့ သူတစ်ပါး ပြည်တွင်းရေးမှာ ထင်သလို ဝင်ရောက်စွက်ဖက်မှုလုပ်ရပ်များကို အကြောင်းပြုပြီး လူဖြူဆန့်ကျင်ရေးအမြင်အချို့ အခုလိုပေါ်ထွက်လာနေပါတယ်။

လူဖြူတွေက လူဖြူမဟုတ်သူတွေအပေါ် ကိုလိုနီပြုကျင့်တယ်ဆိုရာမှာ နယ်မြေသိမ်း၊ စီးပွားရေးအမြတ်ထုတ်ဆိုတာလောက် မဟုတ်ဘူး။ လုပ်ချင်ရာ လုပ်ခွင့်ရှိသွားတယ်။ သူတို့ ပုံဖော်ချင်သလို ဖော်တယ်။ သူတို့က လူမျိုးတစ်မျိုး။ လူ့အဖွဲ့အစည်းတစ်ခုကို ပုံဖော်ချင်သလို ဖော်တယ်။ လွယ်လွယ် ဥပမာတစ်ခု ပြပါရစေ။ “တတိယကမ္ဘာ” လို့ခေါ်တာကိုသာ ကြည့်။ ပြင်သစ်တော်လှန်ရေးတုန်းက “Third Estate” ဆိုတာကို နမူနာယူပြီး လွတ်လပ်ပြီးစ၊ ဖွံ့ဖြိုးစ နိုင်ငံတွေကို ၁၉၅၅ ခုနှစ် ဘန်ဒေါင်းကွန်ဖရင့်မှာ ကင်ပွန်းတပ်လိုက်တာပဲ။ တည့်တည့်ညွှန်းရရင်တော့ (နောက်ကွယ်က အဓိပ္ပာယ်ဟာ) လူဖြူနိုင်ငံတွေလို မချမ်းသာတဲ့၊ မယဉ်ကျေးတဲ့ နိုင်ငံတွေလို့ ညွှန်းချင်တာပဲ။ ပါမောက္ခ ဆာယိရဲ့စကားနဲ့ ပြောရရင်တော့ ဥရောပ(လူဖြူ) မဟုတ်တဲ့ တိုင်းပြည်တွေအပေါ် အနောက်တိုင်း(လူဖြူ)က ဆက်ပြီးအင်အားသုံးလွှမ်းမိုးနေတာပဲ။ ဒီတော့ ကိုလိုနီစနစ်ဟာ ဘယ်တုန်းကမှ မပြီးဆုံးခဲ့ဘူးလို့ ဆိုရမယ်။

သူတို့အမြင်နဲ့မကိုက်ညီသမျှကို အပြစ်လို့ယူပြီး ဘယ်သူ့ကိုမဆို စော်ကားနိုင်တယ်။ အရပ်စကားနဲ့ ပြောရရင်တော့ အသုဘအိမ်တက်ပြီး ဖဲရိုက်တာပဲ။ သူများတကာ မျက်ရည်ကျတုန်း သူတို့အဖို့ အမြတ်ထွက်ဖို့ပဲ။

လူဖြူမဟုတ်သမျှ နင်းပြားချည်းပဲ။ ဘာမှ ပြန်ပြောလို့မရသလိုကိုဖြစ်နေတယ်။ မျိုးချစ်စိတ်ရှိတာ၊ ကိုယ့်လူမျိုး ကိုယ်ချစ်တယ်ဆိုရင်ကို အကြမ်းဖက်သမားလို့ ယိုးစွပ်နေတော့တာပဲ။ လူဖြူပြောသမျှ ဟုတ်ပဆိုတဲ့အမြင် ကြီးမားသထက် ကြီးမားအောင် လုပ်နေကြတယ်။ တခြားသူတွေရဲ့ အချုပ်အခြာအာဏာပိုင်တဲ့ တိုင်းပြည်၊ နိုင်ငံ စတာတွေ အပေါ်မှာ လူဖြူဟာ ဘာမှတန်ဖိုးထားတာ မရှိတော့ဘူး။

တုတ်ထိုးအိုးပေါက် ပြောကြရမယ်ဆိုရင်တော့ ဒီကနေ့ ကာလဟာ လူဖြူတွေရဲ့ ကိုလိုနီဝါဒသစ်ရဲ့ အားအကြီးဆုံး အချိန်ပဲ။ အရမ်းကားဆုံး အချိန်ပဲ။ အရမ်းကားဆုံးလို့ဆိုရတာ လူဖြူတွေအနေနဲ့ အကြမ်းဖက်ဝါဒကိုပင် တရားသော နည်းလမ်းတစ်ခုအဖြစ် The end justifies the means ဆိုသလို သုံးစွဲလာကြလို့ပဲ။ တကယ်တော့ အကြမ်းဖက်ဝါဒ (Terrorism) ဆိုတာ နှစ်မျိုးပဲရှိတယ်။ တစ်ဦးတစ်ယောက်က ဦးဆောင်တဲ့ အကြမ်းဖက်ဝါဒ (Individual-led terrorism) နဲ့ နိုင်ငံ(များ)က ဦးဆောင်တဲ့ အကြမ်းဖက်ဝါဒ (State(s)-led terrorism)ပဲ။ လူဖြူတွေ သုံးနေတာက နိုင်ငံ(များ)က ဦးဆောင်တဲ့အကြမ်းဖက်ဝါဒပဲ။

ဘယ်လိုပဲဖြစ်ဖြစ် လူဖြူမဟုတ်တဲ့ လူမျိုးစုတွေ၊ နိုင်ငံငယ်တွေဟာ သတိရှိဖို့ကောင်းတဲ့အချိန်ပဲ။ သတိရှိဖို့ဆိုတာ လူဖြူတွေအဖို့ ရမ်းကားတယ်ဆိုတာက အဆန်းမဟုတ်ဘူး။ အဲဒါအပြင် လူဖြူရဲ့တခြားလက်နက်တစ်ခုက ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ခိုင်းတတ်တဲ့ ပညာပဲ။ နေ့ခင်းအားကောင်းတော့ ဖြားယောင်းရတာ လွယ်တယ်။ နိုင်ငံငယ်တွေကို ဓနအင်အားသုံး ဖြားယောင်းမယ်။ နိုင်ငံငယ်က လူတွေကို သူတို့အမြင် စိမ့်ဝင်ပျံ့နှံ့အောင် ပျားရည်နဲ့ဝမ်းပေးမယ်။

အမှန်တကယ်ကတော့ ဘယ်လူမျိုးကိုမှ မုန်းတီးစရာ မလိုပါ။ ငြိမ်းချမ်းရေး၊ တန်းတူရည်တူရှိရေး၊ လူမျိုးစုချစ်ကြည်ရေး၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတွေကိုသာ ကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ဇွန်လ ၂၈ ရက်နေ့ ပေကျင်းတွင် ကျင်းပခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျင့်သုံးလာခဲ့သော ငြိမ်းချမ်းရေးအဓိက နိုင်ငံခြားရေးမူဝါဒ အနှစ်(၅၀)မြောက် အထိမ်းအမှတ်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အခုလို ပြောကြားသွားခဲ့ပါတယ်-

**“လွန်ခဲ့သော နှစ်ပေါင်း (၅၀)လုံးလုံး တရုတ်ပြည်က ကျင့်သုံးခဲ့တဲ့ သံရေးတမန်ရေးနည်းဗျူဟာဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ပေါ်တွင် အခြေခံခဲ့တဲ့ နည်းဗျူဟာဖြစ်တယ်။ ဒီမူကြီးငါးချက်ဟာ မြန်မာ၊ အိန္ဒိယ၊ အီဂျစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံစတဲ့ ဘက်မလိုက်နိုင်ငံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးပွဲက ရရှိခဲ့သော သဘောတူ ကြေညာချက်ဖြစ်ပြီး အဲဒီတုန်းက တရုတ်ပြည်မှ ဝန်ကြီးချုပ် ချူအင်လိုင်း ပါဝင်လက်မှတ် ရေးထိုးခဲ့တယ်။**

**ဒီမူဝါဒ(၅)ရပ်ဟာ အဲဒီတုန်းက ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော အရှေ့အုပ်စုနဲ့ အမေရိကန်ပြည်ထောင်စု ဦးဆောင်သော အနောက်အုပ်စုတို့အကြား ဖြစ်ပွားခဲ့တဲ့ စစ်အေးတိုက်ပွဲ ကာလတစ်လျှောက်လုံး ဘက်မလိုက်နိုင်ငံတို့က ကျင့်သုံးခဲ့သော ငြိမ်းချမ်းရေးသို့ ဦးတည်တဲ့ အဓိကနိုင်ငံရေးမူဝါဒပင် ဖြစ်တယ်။**

**ဒီမူကြီး(၅)ရပ်ရဲ့ အဓိက အနှစ်သာရမှာ-**

**(၁) တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်နက်ကို တစ်နိုင်ငံက လေးစားရန်။**

**(၂) တစ်နိုင်ငံက တစ်နိုင်ငံကို ရန်စကျူးကျော်ခြင်း မပြုရန်။**

**(၃) တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။**

**(၄) တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တန်းတူရည်တူ ဆက်ဆံရန်နဲ့ အပြန်အလှန် အကျိုးပြုရန်။**

**(၅) နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြရန်တို့ ဖြစ်ပါတယ်။**

**ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ဟာ ဒီကနေ့ ၂၁ ရာစုအတွင်း ချင်းနင်းဝင်ရောက်လာသည့်တိုင် မှန်ကန်ခိုင်လုံဆဲ၊ တရားဝင် ကျင့်သုံးနေဆဲ ရှိရုံမက နောင်ကမ္ဘာတည်သရွေ့လည်း နိုင်ငံတိုင်းက ကျင့်သုံးထိုက်၊ ကျင့်သုံးအပ်တဲ့ မူကြီးများဖြစ်ကြောင်း၊ ဒါပေမယ့် ဒီကနေ့ ကမ္ဘာတွင် ရှိနေကြတဲ့ စစ်ရေးမဟာမိတ်ဖွဲ့စည်းထားကြမှုနဲ့ လက်နက်တပ်ဆင်အားဖြည့်မှုများဆိုတဲ့ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သည့် လုံခြုံရေးအယူအဆကိုတော့ လုံးဝပယ်ဖျက် ရုပ်သိမ်းသင့်ကြပြီဖြစ်ကြောင်း၊ စစ်အေးတိုက်ပွဲ စိတ်နေသဘောထားများကို လုံးဝခဝါချပစ်ပြီး ဒီနေရာမှာ နှစ်ဦးနှစ်ဖက် ယုံကြည်မှု၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမှု၊ နှစ်ဦးနှစ်ဖက် တန်းတူရည်တူ ဆက်ဆံမှုနဲ့ ငြိမ်းချမ်းချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းရှိမှုဆိုတဲ့ လုံခြုံရေးအယူအဆသစ်မျိုးကိုသာ ဦးစားပေး အစားထိုးသင့်ပြီ** လို့ မစ္စတာဝမ်ကြားပေါင်က တင်ပြသွားခဲ့ပါတယ်။

တရုတ်ပြည်အနေနဲ့ကတော့ ဘယ်နိုင်ငံကိုမှ ခြိမ်းခြောက်ခြင်း၊ ဩဇာပေးခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း (သို့မဟုတ်) ဗိုလ်ကျစိုးမိုး အနိုင်ကျင့်ခြင်းစတဲ့ လုပ်ရပ်များကို ဘယ်သောအခါမှ ကျင့်ကြံ လုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်း မစ္စတာ ဝမ်ကြားပေါင်က ဆက်လက်ပြောဆို တင်ပြသွားပါတယ်။

ဒါကြောင့် ဒီကနေ့ နိုင်ငံတွေအပေါ်မှာ ကျင့်သုံးနေတဲ့ အစွန်းရောက် အမေရိကန် နိုင်ငံခြားရေးဝါဒရဲ့ ဆိုးကျိုးတွေဟာ အမေရိကန် ပြည်သူတွေကိုရော နိုင်ငံတကာ ဆက်ဆံရေးကိုပါ ထိခိုက်ဆုတ်ယုတ်နေစေတယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။



**ဇူလိုင် ၂၅ ရက်က မိုင်းဖြတ်မြို့ မြို့မဈေးအတွင်း သန့်ရှင်းရေးအတွက် မြို့နယ်စည်ပင်ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ စုပေါင်း၍ ဆောင်ရွက်ကြရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့က ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ကြစဉ်။** (က-ပ)

# အဘူဂါရိပ်နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်၍ ကန်ကာကွယ်ရေးဝန်ကြီးဌာန အစီရင်ခံစာထုတ်ပြန်

ဝါရှင်တန် ဩဂုတ် ၁၉

**အဘူဂါရိပ်အကျဉ်းထောင် နှိပ်စက်ညှဉ်းပန်းမှုအရုပ်တော်ပုံတွင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ၂၀ သို့မဟုတ် ၎င်းထက်ပိုမို၍ ပါဝင်ပတ်သက်နေကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။**

ယင်းအစီရင်ခံစာကို အောက်လွှတ်တော်သို့ လာမည့်ရက်သတ္တပတ်တွင် တင်ပြဖွယ်ရှိသည်။ စစ်ဘက်ထောက်လှမ်းရေး အဖွဲ့ဝင်များအား အုပ်ချုပ်ရေးပိုင်းအရ ရာထူးအဆင့်လျှော့ခြင်း၊ လစာလျှော့ခြင်းမှသည် စစ်ခုံရုံးတင်စေမည့် နောက်ထပ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မှုအထိ စည်းမျဉ်းစည်းကမ်းချမှတ်ပေးရန် အဆိုပါ အစီရင်ခံစာက ထောက်ခံမှု ပေးထားကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

**တာဝန်ပေး**

မည်သူမည်ဝါဟု ထုတ်ဖော်ပြောကြားခြင်းမရှိသည့် တာဝန်ရှိပုဂ္ဂိုလ်များက နောက်ထပ် အသေးစိတ်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ထောက်လှမ်းရေးအဖွဲ့ စစ်ဆေးရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တပ်ဖွဲ့ဝင်အများစုသည် ညှဉ်းပန်းနှိပ်စက်မှုပြဿနာ ပေါ်ပေါက်နေချိန်တွင် အဘူဂါရိပ်အကျဉ်းထောင်သို့ တာဝန်ပေးထားသည့် အမေရိကန်အမှတ် (၂၀၅) စစ်ရဲတပ်မဟာမှ ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

**ထင်မြင်**

လုပ်မှားကိုင်မှား ရှိခဲ့သူများတွင် မိမိတို့၏ စစ်ရဲတပ်ဖွဲ့ဝင်များသာ မဟုတ်သည်ကို တွေ့မြင်ရမည်ဟု မိမိထင်မြင်မိကြောင်း အီရတ်အကျဉ်းသားများအား လိင်မှုဆိုင်ရာ အရှက်တကွဲ အကျိုးနည်းအောင်ပြုလုပ်မှုနှင့် အဘူဂါရိပ်နှိပ်စက်ညှဉ်းပန်းမှုများတွင် ပါဝင်သည့်ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမှတ်(၃၇၂)စစ်ရဲတပ်ခွဲမှ အမေရိကန် စစ်ရဲအရန်တပ်ဖွဲ့ဝင် ခုနစ်ဦးသည် အီရတ် အကျဉ်းသားများအား အရှက်တကွဲ အကျိုးနည်းစေသည့် ပြစ်မှုများ၊ ရိုက်နှက်မှုများ ပြုလုပ်ပြီး ဓာတ်ပုံရိုက်ခဲ့ကြောင်း စောစောပိုင်းက အစွပ်စွဲခံထားရသည်။

**ရိုးသားစွာလိုက်နာ**

အကျဉ်းသားများအားစစ်ဆေးမေးမြန်းရာတွင်ဖျောင်းဖျသည့်အနေဖြင့် ပြုလုပ်ခဲ့ခြင်းသာဖြစ်ပြီး စစ်ထောက်လှမ်းရေး၏အမိန့်အတိုင်း ရိုးသားစွာ လိုက်နာဆောင်ရွက်ခြင်းသာဖြစ်ကြောင်း စစ်ရဲအစောင့် တပ်ဖွဲ့ဝင်များက ပြောကြားသည်။

**ကတိကဝတ်ပြု**

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံရှိ အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ကလူ ပြုမှုအပေါ် စုံစမ်းစစ်ဆေးနေမှုများအား တစိုက်မတ်မတ် ပြုလုပ်သွားမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါနယ်ရမ်းစဖဲလ်နှင့် ကာကွယ်ရေးဌာနမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များက ကတိကဝတ်ပြုထားကြသည်။

***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အခိုင်အခံ့ တည်ဆောက်ထားသည့် စခန်းအတွင်းမှ ပစ်ခတ်တိုက်ခိုက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အာဆီယံနိုင်ငံများမှ ရဲအရာရှိကြီးများအစည်းအဝေး ထိုင်းတွင် ကျင်းပ

ဗန်ကောက် ဩဂုတ် ၁၉

**အာဆီယံ ၁၀ နိုင်ငံမှ အထက်တန်း ရဲအရာရှိကြီးများသည် ဒေသအတွင်း မှုခင်းကျူးလွန်ရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် အစည်းအဝေးတစ်ရပ်ကို ထိုင်းနိုင်ငံမြောက်ပိုင်း၌ ဆက်လက်ကျင်းပလျက်ရှိသည်။**

ထိုအစည်းအဝေးကို ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား လုံခြုံရေးဆိုင်ရာ သတင်းများဖလှယ်မှု အခြေအနေတိုးတက် ကောင်းမွန်ရေးနှင့် ဥပဒေစောင့်ထိန်းသူ တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို အဓိကထားဆွေးနွေးကြမည်ဖြစ်သည်။

**မတည်မငြိမ်**

ဆွေးနွေးကြမည့် အကြောင်းအရာများတွင် အဖွဲ့အစည်း ဂိုဏ်းဂဏနှင့် ကျူးလွန်သည့် ပြစ်မှုများနှိမ်နင်းရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ ငွေကြေးဈေးကွက် မတည်ငြိမ် အောင်လုပ်မှုများ ဖော်ထုတ်ရေးနှင့် နိုင်ငံရေး မငြိမ်မသက် ဖြစ်အောင်ဖန်တီးမှုများ တားဆီးရေး စသောခေါင်းစဉ်များလည်း ပါဝင်သည်။ ဂိုဏ်းဂဏအဖွဲ့အစည်း ကွန်ရက်များထူထောင်၍ ကျူးလွန်နေကြသော နယ်စပ်ဖြတ်ကျော် မှုခင်းများကို နှိမ်နင်းရာ၌ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းအကြားတွင် ပူးပေါင်းဆောင်ရွက်မှု အားနည်းလျက်ရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်က ပြောကြားသွားသည်ကို ကိုးကား၍ နေရှင်းသတင်းစာက ဖော်ပြလိုက်သည်။

**ဖော်ထုတ်ပြသ**

နယ်စပ် ဖြတ်ကျော်မှုခင်းများကို နှိမ်နင်းရာ၌ အာဆီယံနိုင်ငံများသည် အလေးအနက်ထားကာကွယ်တိုက်ဖျက်လျက်ရှိကြောင်းကို ယခု ကျင်းပနေသော အာဆီယံနိုင်ငံ ရဲချုပ်များ အစည်းအဝေးက ကမ္ဘာသိအောင် ဖော်ထုတ်ပြသလိုက်ခြင်းပင် ဖြစ်သည်ဟု ထိုင်းဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည်။

**ဆွေးနွေး**

ထိုအစည်းအဝေးနှင့်အတူ နီးနှောဖလှယ်ပွဲအများအပြားကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။ ယင်းနီးနှောဖလှယ်ပွဲများတွင် တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုကိစ္စ၊ မှုခင်းဆိုင်ရာ အချက်အလက်များ တိုးချဲ့စုဆောင်းထားနိုင်ရေးလုပ်ငန်း၊ မှုခင်းနှိမ်နင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားကုန်သွယ်ရေး၊ ဆိုက်ဘာနှင့် ဘဏ္ဍာရေးမှုခင်းများ အပြင် အပြည်ပြည်ဆိုင်ရာ ပစ္စည်းမျိုးစုံ အတုအပပြုလုပ်သော ပြစ်မှုများ နှိမ်နင်းရေးကိစ္စများအထိ အကြောင်းအရာမျိုးစုံကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း မှုခင်းနှိမ်နင်းရာ၌ အပြန်အလှန်အထောက်အကူပြုရေး ကိစ္စများကိုလည်း တိုင်ပင်စည်းဝေးခဲ့ကြကြောင်း သိရသည်။

**တတ်ရောက်**

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ အကြီးအကဲများသာမက အခြားသော တပ်ဖွဲ့ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံများမှ ရဲတပ်ဖွဲ့အကြီးအကဲများလည်း လေ့လာသူများအဖြစ် ပါဝင်တတ်ရောက်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ မှုခင်းနှိမ်နင်းရေးအဖွဲ့၏ အတွင်းရေးမှူး၊ ဩစတြေးလျ ရဲတပ်ဖွဲ့အကြီးအကဲ၊ နယူးဇီလန်တပ်ဖွဲ့ အကြီးအကဲနှင့် တီမောနိုင်ငံ ရဲတပ်ဖွဲ့အကြီးအကဲတို့အပြင် အာဆီယံနိုင်ငံများမှ အခြားသောအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များလည်း ပါဝင်ကြကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ လမ်းတစ်လမ်းပေါ်တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများအား ပြန်လည်ပစ်ခတ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကန်ဦးဆောင်သည့်တပ်ဖွဲ့များ နာဂျက်ဖ်မှရုပ်သိမ်းလျှင် ခုခံရေးသမားများက လက်ရှိနေရာမှ ထွက်ခွာပေးရန်အသင့်ရှိဟုဆို

ဘဂ္ဂဒက် ဩဂုတ် ၁၉

အကယ်၍ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များက ရှီးယိုက်တို့ အထွတ်အမြတ်ထားရာနေရာမှ ရုပ်သိမ်းသွားလျှင် အမေရိကန်ဆန့်ကျင်သည့် ရှီးယိုက်ခေါင်းဆောင် မိုဆာဒါအယ်လ်ဆာဒါနှင့် ၎င်း၏ နောက်လိုက်ခုခံရေးသမားများသည် နာဂျက်ဖ်မြို့ရှိ လက်ရှိနေရာမှ ထွက်ခွာသွားရန်အသင့်ရှိကြောင်း ဆာဒါ၏ လက်ထောက်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

**ရပ်ဆိုင်း**

မိုဆာဒါအယ်လ်ဆာဒါနှင့် ၎င်း၏ တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံအကျိုးအတွက် လက်နက်များကို စွန့်လွှတ်ပြီး ဆုတ်ခွာရန် အသင့်ရှိကြောင်း၊ သို့ရာတွင် အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များက ဆာဒါအား တိုက်ခိုက်မှုများကို ရပ်ဆိုင်းပြီး အဆိုပါ ဘာသာရေးအဆောက်အအုံမှ ကနဦးဆုတ်ခွာရုပ်သိမ်းသင့်ကြောင်း ဆာဒါ၏ နိုင်ငံရေးဆက်သွယ်ရေးအရာရှိ အလီအယ်လ်ဟာဆီရီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**မျှော်လင့်**

အပစ်အခတ်ရပ်စဲရေးအတွက် အီရတ်အစိုးရ၏ စည်းကမ်းချက်ကို ဆာဒါကလက်ခံခဲ့ကြောင်း ဆာဒါ၏ အခြားလက်ထောက်တစ်ဦးက စောစောပိုင်းတွင် ပြောကြားခဲ့သည်။ သို့ရာတွင် အီရတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိုက်ခိုက်မှုများမှာရပ်ဆိုင်းသွားခြင်းမရှိဘဲ အီရတ်နိုင်ငံတွင် ရာနှင့်ချီ၍သေဆုံးခဲ့သည် တိုက်ခိုက်မှုများအဆုံးသတ်ရန် လူအနည်းငယ်ကသာ မျှော်လင့်ခဲ့ကြသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# အယ်လ်ဆာဗေဒိုတပ်များ အီရတ်မှ ရက် ၂၀အတွင်းထွက်ခွာသွားရန် သတိပေး

ဒူဘိုင်း ဩဂုတ် ၁၉

**အီရတ် ခုခံရေးသမားအုပ်စုတစ်စုက ဩဂုတ် ၁၅ ရက်တွင် ထုတ်လွှင့်ခဲ့သော အင်တာနက်စာမျက်နှာမှနေ၍ အယ်လ်ဆာဗေဒိုနိုင်ငံကို သတိပေးလိုက်သည်။ အီရတ်နိုင်ငံသို့ ရောက်ရှိနေသော အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များကို ရက် ၂၀ အတွင်း အီရတ်မှထွက်သွားကြရန် တောင်းဆိုထားသည်။ ထွက်မသွားပါက အီရတ်ရှိ အယ်လ်ဆာဗေဒိုတပ်များကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် အမေရိကတိုက်အလယ်ပိုင်းရှိ အယ်လ်ဆာဗေဒိုနိုင်ငံမြေပေါ်၌ပါ တိုက်ခိုက်မှုများဖြစ်ပေါ်မည်ဖြစ်ကြောင်း သတိပေးထားသည်ဟု ဆိုသည်။**

ကျွန်ုပ်တို့သည် သင်တို့ကို ရက်၂၀ အတွင်း အီရတ်မှ ထွက်ခွာသွားရန် အချိန်ပေးထားပြီးဖြစ်သည်။ ယခု သတိပေးချက်သည် နောက်ဆုံးပေးထားသော အခွင့်အရေးပင်ဖြစ်သည်။ နောက်ထပ်တစ်ကြိမ် သတိပေးမှုမျိုး ပြုလုပ်တော့မည်မဟုတ်ဘဲ သွေးထွက်သံယိုမှုများနှင့်သာ ကြုံရလိမ့်မည်ဟု ဆိုသည်။

**ကန့်သတ်**

ယခုကြေညာချက်တွင် ဖော်ပြခဲ့သော ရက်၂၀ဆိုသည့် ကန့်သတ်ချက်မှာ နောက်ဆုံး အခွင့်အရေးအဖြစ်ပေးထားသော ကန့်သတ်ချက်ဖြစ်သည်။

မလိုက်နာခဲ့လျှင် ကျွန်ုပ်တို့၏ သွေးစွန်းနေသော လက်များကို ဆေးကြောရသည့်အဖြစ်သို့ ရောက်ရောသာရှိသည်။ မိမိတို့သည် အီရတ်မြေပေါ်ရှိ အယ်လ်ဆာဗေဒိုများဖြစ်သည်။ အမေရိကန်ရှိ အယ်လ်ဆာဗေဒိုများဖြစ်သည်ဟူ၍ ခွဲခြားခြင်းမပြုတော့ဘဲ တိုက်ခိုက်သွားမည်သာဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အသုံးပြုခဲ့**

ယခုထုတ်လွှင့်ချက် တင်ပြထားသော ဝက်ဘ်ဆိုက်မှာ ယခင်အခါကလည်း အစ္စလမ္မစ်အုပ်စုများ အသုံးပြုခဲ့ဖူးသော ဆက်သွယ်ရေးလမ်းကြောင်းပင်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အင်တာနက်တင်ပြချက်သည် အစစ်အမှန် တင်ပြထားသော ကြေညာချက်တစ်ရပ်ဖြစ်သည်၊ မဖြစ်သည်ဆိုသောအချက်ကို အတည်ပြုပေးသော အခြေအနေမရှိဘဲဖြစ်နေသည်။ ယခင်အခါကလည်း ၎င်းအုပ်စုသည် အယ်ဆာဗေဒိုမှ တပ်ဖွဲ့များစေလွှတ်ရေးကိစ္စကို ပယ်ဖျက်ပေးရန် တောင်းဆိုရင်း ခြိမ်းခြောက်ခဲ့ဖူးသေးသည်။

**အသိပေးခဲ့**

အယ်လ်ဆာဗေဒိုသည် လုံခြုံရေးများကို တိုးမြှင့်ချထားလိုက်သည်။ သို့ရာတွင် ကနဦးကပင် စီစဉ်ထားသည့်အတိုင်း တပ်များစေလွှတ်ရေးကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးခဲ့ကြောင်း သိရသည်။

**ခြိမ်းခြောက်**

အစ္စလမ္မစ်မစ်အဖွဲ့သည် အီရတ်ရှိ အယ်ဆာဗေဒိုအဖွဲ့များကို ရဲနှင့်တွေ့သကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံရမည်ဖြစ်ကြောင်းခြိမ်းခြောက်ထားသည်။အယ်လ်ဆာဗေဒိုအစိုးရက မြို့တော် ဆန်ဆာဗေဒိုရှိ နိုင်ငံခြားသံရုံးများကို လုံခြုံရေးအစောင့်များ ချထားရန်နှင့် အီရတ်ရှိ အယ်လ်ဆာဗေဒိုတပ်များကိုလည်း နိုးနိုးကြားကြားရှိရန်မှာကြားထားပြီးဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# နှစ်နိုင်ငံနယ်စပ်တွင် မက္ကဆီကို နိုင်ငံသားများအား ကန်အစောင့်များက ပစ်ခတ်မှု ဖြေရှင်းချက်ပေးရန် တောင်းဆို

မက္ကဆီကိုစီးတီး ဩဂုတ် ၁၉

**နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် မက္ကဆီကိုနိုင်ငံသားများအား အမေရိကန် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ဂရုတ် ကောင်း ထည့်ထားသည့် ပလတ်စတစ်ကျည်များဖြင့်ပစ်ခတ်မှုအပေါ် တရားဝင်ဖြေရှင်းချက်ပေးပါရန် မက္ကဆီကိုနိုင်ငံက အမေရိကန်အစိုးရအား အင်္ဂါနေ့က တောင်းဆိုထားကြောင်း မက္ကဆီကို အစိုးရသတင်းဌာနက ကြေညာသည်။**

ထိုလက်နက်မျိုးကို အမေရိကန် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များက အနည်းဆုံး လွှန်ခဲ့သည့် နှစ်နှစ် လုံးလုံး ရံဖန်ရံခါ သုံးစွဲခဲ့သော်လည်း အမေရိကန် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ပစ်ခတ်ဒဏ်ရာရစေမှုကို မက္ကဆီကို ရုပ်မြင်သံကြားက ဗီဒီယိုခွေပြသလိုက်သောအခါ ထိုကိစ္စမှာ သံတမန်ရေးကိစ္စတစ်ရပ် ဖြစ်လာသည်။

**တိုက်တွန်း**

ပလတ်စတစ်ကျည်ဖြင့် အပစ်ခံရသည့် မက္ကဆီကိုနိုင်ငံသားတစ်ဦးက ၎င်း၏ တီရှပ်ကိုချွတ်ပြီး ရရှိခဲ့သော ရင်ဘတ်ပေါ်မှ အရိုးရာများနှင့် အညိုအမည်းအတွင်းကြေနာများကို လှစ်ပြလိုက်ပုံကို မြင်ရသောအခါ မက္ကဆီကို အမတ်များနှင့် နိုင်ငံရေးသမားများက ဒေါသူပုန်ထကုန်ပြီး ယင်းကိစ္စအတွက် ဖြေရှင်းချက်တောင်းရန် မက္ကဆီကိုသံတမန်အား အင်္ဂါနေ့က တိုက်တွန်းလိုက်ကြသည်။

**မကျေနပ်**

အိမ်နီးချင်းနိုင်ငံ နယ်စပ်ကို ဖြတ်ကျော်ရာတွင် မက္ကဆီကိုနိုင်ငံသားများ ရာနှင့်ချီပြီး နှစ်စဉ်သေဆုံးလျက်ရှိရာ မကျေနပ်မှုများ ပေါ်ပေါက်ခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကန်တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်အနောက်ဘက်တွင် သေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၁၉**

ဘဂ္ဂဒက်မြို့တော်၏အနောက်ဘက် ဆွန်နီအများနေထိုင်ရာအရပ်တွင် ခုခံဆန့်ကျင်မှုများ ထူပြောလျက်ရှိသည်။ ထိုဒေသ၌ ဩဂုတ် ၁၇ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုအတွင်း အမေရိကန်မရိန်းတပ်သားတစ်ဦး သေဆုံးခဲ့ရကြောင်း စစ်ဘက်မှလာသောသတင်းများက ဆိုသည်။

**တာဝန်ထမ်းဆောင်**

သေဆုံးသူ မရိန်းတပ်ဖွဲ့ဝင်သည် ပြည်ပချီ မရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းသည် အယ်လ်အန်ဘာအရပ်၌ လုံခြုံရေးနှင့်ငြိမ်ဝပ်ရေးတာဝန်များကို ထမ်းဆောင်နေစဉ် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အန်ဘာပြည်နယ်ဒေသတွင် ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့များပါဝင်သည်။ ထိုအရပ်တွင် ဆွန်နီ ခုခံရေးသမားများသည် နေ့စဉ်လိုလို အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်ကြားဖြတ် အစိုးရတပ်ဖွဲ့များကို တိုက်ခိုက်လျက်ရှိသည်။

**သေဆုံး**

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များသည် ပြီးခဲ့သောနှစ်မှစ၍ အီရတ်စစ်ပွဲဆင်နွှဲကာ အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက် သိမ်းပိုက်ခဲ့ကြသည်။ ထိုစဉ်မှစ၍ ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အမေရိကန်စစ်မှုထမ်းအမျိုးသားနှင့် အမျိုးသမီး အနည်းဆုံး ၇၀၄ ဦးတို့ သေဆုံးခဲ့ရပြီဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်မှ အီတလီနှင့် နယ်သာလင်တပ်ဖွဲ့များကို ပြန်ခေါ်ရန် ခုခံရေးအုပ်စုတစ်စု သတိပေး

ဒူဘိုင်း ဩဂုတ် ၁၉

**အီတလီနှင့် နယ်သာလင်နိုင်ငံတို့က အီရတ်မှတပ်ဖွဲ့ဝင်များ ပြန်မခေါ်လျှင် အီတလီနှင့် နယ်သာလင်နိုင်ငံတို့အား တိုက်ခိုက်မည်ဖြစ်ကြောင်း အစ္စလမ္မစ်ခုခံရေးအုပ်စုက ခြိမ်းခြောက်ထားကြောင်းဖြင့် ကွန်ပျူတာ အင်တာနက်တွင် တနင်္လာနေ့က ဖော်ပြထားသည်။**

အီတလီတပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်ခေါ်ရန် အခြားသော အစ္စလမ္မစ် ခုခံရေးအဖွဲ့တစ်ခုဖြစ်သော အဘူဟက် အယ်မဆရီ၏ သတ်မှတ်ရက်ထက်ကျော်လွန်နေစဉ် အစ္စလမ္မစ်တော်ဟစ်က အထက်ပါအတိုင်း အီတလီနှင့် နယ်သာလင်တို့ကို ခြိမ်းခြောက်ခြင်းဖြစ်သည်။

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်သည့် ဥရောပနိုင်ငံအားလုံး တုန်လှုပ်ချောက်ချားအောင်ကိုင်လှုပ်မည့်အချိန်အခါကောင်းကို မိမိတို့ စောင့်ဆိုင်းအသင့်ပြင်ထားကြောင်း၊ နယ်သာလင်အစိုးရအနေဖြင့် အီရတ်မှတပ်ဖွဲ့ဝင်များ ပြန်ခေါ်ရန် တိုက်တွန်းကြောင်း သို့မဟုတ်ပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ အကျိုးဆက်အတွက် မိမိတို့ တာဝန်မယူကြောင်းဖြင့် အစ္စလမ္မစ်တော်ဟစ်က ကြေညာသည်။

အီတလီနိုင်ငံက သတ်မှတ်ပေးထားသော ဩဂုတ် ၁၅ ရက်အမီ အီရတ်မှ တပ်ဖွဲ့ဝင်များပြန်ခေါ်ရန် လျစ်လျူပြုထားသည့်အတွက် အီတလီနိုင်ငံအတွင်းမှ ပစ်မှတ်များကို ချေမှုန်းရန် အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသည်ဆိုသည့် အဘူဟက်အယ်မဆရီအဖွဲ့က ၎င်း၏ တိုက်ခိုက်ရေးသမားများကို မီးစိမ်းပြထားသည် ဆို၏။

***အမ်အင်အေ၊ရိုက်တာ။***

**တိုက်ပွဲဝင်ရန်နေရာယူ**

**အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် နေရာယူနေကြသည့် ရှီးယိုက် တိုက်ခိုက်ရေးသမားများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# နာဂျက်ဖ်မြို့တွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွား

**နာဂျက်ဖ် ဩဂုတ် ၁၉**

အီရတ်နိုင်ငံရှိ အထွတ်အမြတ်ထားရာ နာဂျက်ဖ်မြို့တွင် ယမန်နေ့က ရှီးယိုက်ခေါင်းဆောင် မိုဆာဒါအယ်လ်ဆာဒါ၏ တပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့များအကြား အပြင်းအထန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် လူအများအပြား သေကျေဒဏ်ရာရခဲ့ကြောင်း ဆေးဘက်ဆိုင်ရာများထံမှရရှိသောသတင်းက ဆိုသည်။

ဖာလားအယ်မှုဟာနာသည် နာဂျက်ဖ်မြို့၏ အဓိကဆေးရုံကြီးမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။ ၎င်းက မြို့၏ အချက်အချာနေရာ၌ ဖြစ်ပွားသောတိုက်ပွဲများအတွင်း လူ ၂၉ ဦးတို့ သေကျေဒဏ်ရာရခဲ့ကြောင်း ပြောကြားသည်။ မည်မျှသေကျေပြီး မည်မျှဒဏ်ရာရသည်ဆိုသော အချက်အလက်အသေးစိတ်ကို ၎င်းက ခွဲခြား၍ ပြောကြားခြင်းမရှိကြောင်း သိရသည်။ တောင်ပိုင်းမြို့တော်ရှိ ဆေးရုံများသည် ထိခိုက်ဒဏ်ရာရလာသူ အရပ်သားများနှင့် မာဒီတပ်ဖွဲ့ဝင်များကို ဆေးဝါးကုသမှုပေးလျက်ရှိသည်မှာ သီတင်းနှစ်ပတ်ကြာသွားပြီဖြစ်၏။ ထိုစဉ်ကတည်းက မာဒီတပ်ဖွဲ့ဝင်များနှင့် အမေရိကန်စစ်ဘက်တို့အကြား တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ ထိခိုက်ဒဏ်ရာရရှိသော အမေရိကန် စစ်တပ်ဖွဲ့ဝင်များကိုမူ အခြေစိုက်စခန်းရှိ စစ်ဆေးရုံ၌ပင် ကုသမှုများပေးလျက်ရှိသည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် မြိတ်သူ့တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် ကားတစ်စီးကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## အီရတ် မြင်ကွင်း

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တက်လာသည်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အဆောက်အအုံတစ်ခုလုံး မီးလောင်နေသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားစဉ် ကန်တင့်ကားဖြင့်နင်း၍ ပျက်စီးသွားသည့်ယာဉ်တစ်စီးကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် ကားတစ်စီးကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကန်တပ်ဖွဲ့၏ အမြောက်ကျည်ဆန် ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးနေသည့်ယာဉ်များကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ထူထောင်ဖွင့်လှစ်ပေးခဲ့သည့် စာကြည့်တိုက်များ

## အီလက်ထရောနစ်စာကြည့်တိုက်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ ခေတ်မီအီလက်ထရောနစ်စာကြည့်တိုက်(ကျောက်တန်း) အဆောက်အအုံသစ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

## ခေတ်မီစာကြည့်တိုက်

မကွေးတိုင်း၊ မကွေးမြို့တွင် တည်ဆောက် ဖွင့်လှစ်ခဲ့သည့် ပညာအလင်း အီလက်ထရွန်နစ် စာကြည့်တိုက်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

## စာကြည့်တိုက်

ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်တစ်လုံး ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ပန်းမြတ်အိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ငါးဖယ်အင်းကျေးရွာ၌ ရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပစဉ်။
(ပြန်/ဆက်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မအူကျေးရွာ၌ ထွန်းလင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပစဉ်။
(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မြင်းမူးကျေးရွာတွင် "ပညာပန်းဥယျာဉ်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပစဉ်။
(မြို့နယ်ပြန်/ဆက်)

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့**

# ရခိုင်ပြည်နယ် မိုးစပါးစိုက်ပျိုးရေးပညာပေးပြပွဲ တိုင်းမှူးဗိုလ်ချုပ်မောင်ဦးတက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၀

**ရခိုင်ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့မှကြီးမှူး၍ မိုးစပါးစိုက်ပျိုးရေးပညာပေးပြပွဲကို ဩဂုတ်၉ရက်နံနက်ပိုင်းက စစ်တွေမြို့ ကန်တော်ကြီးအနီးရှိ မိုးစပါးတင်း၁၀၀အထွက်တိုး စံပြစိုက်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊စစ်တွေခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစံဌွေးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများတက်ရောက်ကြသည်။**

**အမှာစကားပြောကြား**

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဒေသဝမ်းစာဖူလုံရေးအတွက် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ အသုံးပြုဆောင်ရွက်ရေး၊ ဒေသနှင့် ကိုက်ညီမည့် သီးနှံများလည်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကြည်ဟန်က ကန်တော်ကြီး စိုက်ကွင်းတွင် မိုးစပါးပညာပေးပြကွင်းပြကွက်များ စိုက်ပျိုးပြသထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာသူများသည် ပြသထားသော မိုးစပါးတင်း၁၀၀ စံပြကွက်များ၊ စပါးမျိုးယှဉ်ပြိုင်ကွက်များ၊ မျိုးသက်နုစိုက်ပျိုးခြင်း သရုပ်ပြသမှု၊ သဘာဝနှင့် ဇီဝမြေဩဇာ စမ်းသပ်စိုက်ကွက်လေးမျိုး၊ နေရာဒေသအလိုက် စပါးတင်း၁၀၀ထွက်ရှိရန်အတွက် အပင်အာဟာရဓာတ်ထည့်သွင်းနည်းစမ်းသပ်စိုက်ကွက်၊ ခေါင်နှံရွေးချယ် မျိုးပွားနည်းစနစ်၊ ခေတ်သစ်ပျိုးထောင်နည်း စမ်းသပ်မျိုးပြကွက်၊ ဓာတ်မြေဩဇာနှင့် ကာကွယ်ရေးဆေးများပြခန်း၊ စက်မှုလယ်ယာပြခန်းများ ပြသထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် တိုင်းမှူးသည် စစ်တွေမြို့ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် စစ်တွေမြို့ ပြည်နယ်ခန်းမ၌ ရခိုင်ပြည်နယ်အတွင်း လေဘေးဒဏ်ခံရသူများအတွက် ဆဋ္ဌမအကြိမ်ခွဲဝေပေးပို့မည့် လူသုံးကုန်နှင့် အဝတ်အထည်များ ထုပ်ပိုးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

◇ **ရှေ့ဖုံးမှ**

ကီလိုဝပ် နာရီသန်းပေါင်း၄၇၂သန်း ထုတ်လွှတ် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့်တိုင်းမှူး၊ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတောင်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများအား တွေ့ဆုံသည်။

**ဆွေးနွေး**

အစီအစဉ်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီအောင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိရေး၊ သစ်တောသစ်ပင်တိုးပွားရေး၊ ဒေသတွင်းဖြစ်ထွန်းမည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက်တိုင်းမှူးက ကျိုင်းတောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးက မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့ဆေးရုံတို့အတွက် ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ကျိုင်းတောင်မြို့နယ်ရှိကျောင်းသား၊ကျောင်းသူများ စာရေးကိရိယာအတွက် ငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် စက်ဘီးတစ်စီးနှင့် ဗလာစာအုပ် ၁၀၁ဒါဇင်ကို ပေးအပ်လှူဒါန်းကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**စေတီတော်တည်ဆောက်ရေး**

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတောင်းမြို့ မြို့နံ့ စေတီတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စေတီတော်တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တုန်ဟုန်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော်ဘဒ္ဒန္တသောစိဏ္ဏအမှူးပြုသော သံဃာတော်ငါးပါးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူးက သိမ်အချောသတ် ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းနှင့် မြို့နံ့စေတီတော်တည်ဆောက်ရေး လုပ်ငန်းအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဟိုမိန်းမြို့မှ ဦးမဟာဂျာက မြို့နံ့စေတီတော် တည်ဆောက်ရေးအတွက် ငွေကျပ် ၁၄သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတောင်း အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

**၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁) နှစ်အောက်လူငယ်ဟော်ကီပြိုင်ပွဲအတွက် ဩဂုတ်၁၉ရက်က ကျင်းပသည့် အောင်နိုင်ရေးကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူးဗိုလ်မှူးချုပ်မျိုးမြင့် အမှာစကားပြောကြားစဉ်။** (သတင်းဖော်ပြပြီး) (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ရေကူးကန်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်၊စခန်း၊ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲကို ကျင်းပရာ အသင်းလိုက် ပထမတံခွန်စိုက်ဒိုင်းဆုကို ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းကလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုကို ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းမှ အောင်မျိုးဟိန်းကလည်းကောင်း ရရှိသွားကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

# (၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ Vietnam National University , Hanoi မှ ကျောင်းသူ Ms. Vu Thi Mai Trang၊ Universitas Gadjah Mada,Indonesia မှကျောင်းသားများဖြစ်ကြသော Mr. Firmansyah Budi Prasetyo နှင့် Mr. Nurhadi Rahman နှင့် Burapha University, Thailand မှ ကျောင်းသူများဖြစ်ကြသော Ms. Praewpun Akkaprasa နှင့် Ms. Natthida Thong-Iam တို့က ASEAN in the knowledge Age: Building ASEAN Studies Learning Societies နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးအကြံပြု**

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်ကြသော အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးအကြံပြုကာ ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၂၃ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

# (၁၈၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ စက်တင်ဘာ ၁ရက်တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

(၁၈၈)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို စက်တင်ဘာ ၁ရက်တွင် အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

(၁၈၈)ကြိမ်မြောက်တွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀တစ်ဆု၊ ငွေကျပ်သိန်း၅၀ (၃၁)ဆု၊ငွေကျပ်၂၅သိန်း (၁၃)ဆု၊ ငွေကျပ်ခြောက်သိန်း (၆၈၄)ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ်လေးသိန်းလေးဆု၊ ငွေကျပ်နှစ်သိန်း ၁၉ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁)ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ငွေကျပ်ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ် လေးသောင်း ၄၇ဆု၊ ငွေကျပ်နှစ်သောင်း ၃၂၃ဆု၊ ငွေကျပ် တစ်သောင်း ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၂၉ဆု ဖြစ်သည်။

ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို စက်တင်ဘာ ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- သဘာဝအလင်းရောင်မလုံလောက်မှသာ အနည်း ဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံး ဓာတ်အားကို သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့်အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။**

# ဘုတလင်မြို့ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်၊ ကူးစက်ရောဂါကုဆောင်ဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်နှင့် ကူးစက်ရောဂါကုဆောင်ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါဆေးရုံ၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။**

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြို့နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှဝင်းက တိုးချဲ့ဆောင်နှင့် ကူးစက်ရောဂါကုဆောင် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာလှဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တိုးချဲ့ဆောင်၊ ကူးစက်ရောဂါကုဆောင်၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

အဆိုပါတိုးချဲ့ဆောင်နှင့် ကူးစက်ရောဂါကုဆောင်တို့မှာ အလျားပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၄၂ ပေ၊ သွပ်မိုးအုတ်ကာ တစ်ထပ်အဆောက်အအုံများဖြစ်ပြီး တိုးချဲ့ဆောင်သည် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေကျပ်သိန်း ၃၀ ဖြင့်လည်းကောင်း၊ ကူးစက်ရောဂါကုဆောင်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ပံ့ငွေကျပ် ၁၄ သိန်း၊ စေတနာရှင်တစ်ဦးမှ လှူဒါန်းငွေကျပ် ၁၂ သိန်း စုစုပေါင်းငွေကျပ် ၂၆ သိန်းအကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်းသိရှိရသည်။

### ဗုဒ္ဓပြတိုက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဘုတလင်မြို့ ဗုဒ္ဓပြတိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရာ ဗိုလ်မှူးမောင်ဝင်းက ဗုဒ္ဓပြတိုက်အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကာ အမွှေးနံ့သာရည်များပက်ဖျန်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ဘုတလင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ် ပေးအပ်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျော်သန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက ပညာရတနာ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးက ပညာရတနာ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်နှင့် ပန်းချီခန်း၊ အိမ်တွင်း လက်မှုပညာခန်း၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများနှင့် ဂီတရသခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အခမ်းအနားကို ပညာရတနာခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကား ပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင် ဦးကျော်သန်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်အား လွှဲပြောင်း ပေးအပ်သည်။

### ထောက်ပံ့လှူဒါန်း

ထို့နောက် တိုင်းမှူးက ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်ပြီး ကျောင်းသား၊ကျောင်းသူများ အတွက် ဗလာစာအုပ် ဒါဇင် ၅၀နှင့် အားကစားပစ္စည်းများ ထောက်ပံ့လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ဘုတလင်မြို့နယ် ဆုံကုန်းလမ်းကတ္တရာခင်းရန်အတွက် စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ်သိန်း ၃၀ ကို လက်ခံရယူပြီးနောက် တိုင်းမှူးက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အလျားပေ ၁၃၀၊ အနံပေ ၃၀ အဆောင်တစ်ဆောင်၊ အလျားပေ ၆၀၊ အနံပေ ၃၀ အဆောင်တစ်ဆောင်၊ ဂါလန် ၃၅၀၀ ဆံ့ ကွန်ကရစ် ရေစင်တစ်ခု၊ ရေလောင်းအိမ်သာ ၁၆ လုံး အသစ်ဆောက်လုပ်ခြင်း၊ ရေလောင်းအိမ်သာ ၁၆ လုံး ပြုပြင်ခြင်း၊ သောက်ရေအိုးစင် သုံးလုံး၊ ပေ ၂၆၀အရှည်ရှိ အုတ်တံတိုင်း တစ်ခု၊ အလျား ၂၇ ပေ၊ အနံ ၂၉ ပေ၊ အမြင့် ၃၂ ပေရှိ ကျောင်းအုပ်ကြီး နေအိမ်တစ်လုံးတို့အား ပညာရေးဌာနမှ ခွင့်ပြုငွေကျပ်သိန်း ၁၀၀ ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်း ငွေကျပ် ၄၃ ဒသမ ၂ သိန်း၊ စေတနာရှင် ပြည်သူများက လှူဒါန်း ငွေကျပ် ၂၃၇ ဒသမ ၃ သိန်းကျော်၊ စုစုပေါင်း ငွေကျပ် ၃၈၀ ဒသမ ၅ သိန်းကျော်အကုန်အကျခံတည်ဆောက် ဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

### ❍ စိတ်ကျန်းမာရေးမှ

ဆရာဝန်များ၊ သူနာပြုများ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်များနှင့်အညီ စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဉာဏ်ရည်ချို့တဲ့သည့် ကလေးငယ်များအား ရှာဖွေ၍ ပြုစုစောင့်ရှောက်မှုပေးသည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ရှာဖွေ၊ညွှန်းပို့၊ပြုစုစောင့်ရှောက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်(၁) ရန်ကုန် စိတ်ကျန်းမာရေးပညာဌာန ပါမောက္ခနှင့် ဌာနမှူး ဒေါက်တာလှဌေးက စိတ်ကျန်းမာရေးပညာပေး ဆရာဖြစ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်က စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ဒေါပုံမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်ဆေးဝါးများ ဝယ်ယူနိုင်ရန် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်း ရာစိတ်ကျန်းမာရေး ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။(သတင်းစဉ်)

# လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ စီစဉ်မှုဖြင့် "လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ"အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှ၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်စမ်းစမ်းဝေ၊ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဝန်ထမ်းမိသားစုဝင်များ ၂၅၀ကျော် တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ (MoU) အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီး ရာလျန်မုန်း**(အောက်ပုံ)**က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲမှူးအောင်သန်းက လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေရေးရာများကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။ (သတင်းစဉ်)



# စီးပွားကူးသန်း ရှေ့သို့လှမ်း

### ❐ ဆင်းရွှေလီမှ

စံပြ ၂၅၃ဒသမ ၉၇ဧကစိုက်ခင်းသို့လည်းကောင်း၊ တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းအတွင်းရှိ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး(အက်ဖ်-ဝမ်း) မျိုးစေ့ထုတ်အဆင့်မြင့် စံပြသုတေသနစိုက်ခင်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး(အက်ဖ်-ဝမ်း)မျိုးစေ့ထုတ် နွေစပါးစံပြဧက ၁၂၀စိုက်ခင်းများမှ ထွက်ရှိသည့် စပ်မျိုးစပါး မျိုးစေ့များအား မျိုးသန့်စင်ခြင်းနှင့် ထုပ်ပိုးခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး မျိုးသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေကြသည့် စစ်သည်များအား လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား စပ်မျိုးစပါးမျိုးစေ့များ အလေအလွင့်မရှိအောင် စနစ်တကျမျိုးသန့်စင်ထုပ်ပိုးသိုလှောင်ရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆင်းရွှေလီအထူးထွက်တိုး စပ်မျိုးစပါးမျိုးစေ့များကို စိုက်ဧက ၁၀၀၀၀အတွက် စနစ်တကျ သန့်စင်ထုပ်ပိုး၍ လာမည့်နှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူလယ်သမားများထံသို့ အချိန်မီဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

# ကန်ပက်လက်နှင့် မင်းတပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၂၀

**ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည် မင်းတပ် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၉ရက်နံနက်ပိုင်းက ကန်ပက်လက်မြို့သို့ရောက်ရှိပြီး မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ကန်ပက်လက်မြို့နယ်သို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှလှူဒါန်းသည့် ဟွန်ဒါအမျိုးအစားမီးသတ်စက်ဖြင့် သရုပ်ပြ မီးငြိမ်းသတ်မှုနှင့် မီးသတ်စက်ကိုကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။**

ယင်းနောက် ဗိုလ်မှူးကြီးတင်လှသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်း ဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဗိုလ်မှူးကြီးတင်လှက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်မှူးကြီးတင်လှသည် ကန်ပက်လက်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ကန်ပက်လက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည်ကန်ပက်လက်မြို့ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့် ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီး တင်လှသည် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ခရိုင်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ဗိုလ်မှူးကြီးတင်လှသည် မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နောက် မင်းတပ်မြို့ တောင်ပုလုကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်အားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဇူလိုင်၃၀ရက် နံနက်ပိုင်းတွင် ဗိုလ်မှူးကြီးတင်လှသည် မင်းတပ်-မတူပီလမ်း လမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာများက လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်မှူးကြီး တင်လှက တာဝန်ရှိသူများအား လမ်းဘေးရေစီးမြောင်းများနှင့် ရေထုတ်မြွန်များစနစ်တကျ ဆောင်ရွက်ကြရေးနှင့် လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖောက်လုပ်သွားရေး ဆွေးနွေး မှာကြားခဲ့သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၁-၈-၂၀၀၄ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | အကပဒေသာ |
| ၈:၀၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၈:၁၅ | ၇။ | စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား |
| ၈:၃၀ | ၈။ | International News. |
| ၈:၄၅ | ၉။ | Grammar Made Easy. |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ၃။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂:၀၅ | ၄။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂:၅၅ | ၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၁၉)** |
| ၁:၂၅ | ၆။ | မြန်မာ့ရိုးရာတူရိယာပစ္စည်းများမှ တိုင်းရင်းသားတို့တူရိယာ |
| ၁:၃၅ | ၇။ | **လောကနီတိ(၂) မိတ်ကောင်းဖော်မွန် (ကိုကိုလင်းမောင်၊ မျိုးသန္တာထွန်း၊ ခင်လှိုင်၊ ချစ်စရာ) (ဒါရိုက်တာ-ခင်ဇော်)** |
| ၂:၁၀ | ၈။ | တေးဂီတအစီအစဉ် |
| ၂:၂၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၂:၃၅ | ၁၀။ | နတ်သားတောရေလှောင်တမံ |
| ၂:၄၅ | ၁၁။ | International News. |
| ၃:၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | English for Everyday Use. |
| ၄:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၅:၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သချ်ာအထူးပြု) (သချ်ာ) |
| ၅:၁၅ | ၆။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၅:၃၀ | ၇။ | နားဝင်ပီယံ သူ့လက်သံ |
| ၅:၄၀ | ၈။ | တေးဂီတအစီအစဉ် |
| ၅:၅၀ | ၉။ | လမူးတံတား |
| ၅:၅၅ | ၁၀။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၆:၂၀ | ၁၁။ | တေးဂီတအစီအစဉ် |
| ၆:၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၇:၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၇:၀၅ | ၁၄။ | Discovery |
| ၇:၁၀ | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းမိုင်ငယ် (အပိုင်း-၇)** |
| ၇:၄၀ | ၁၆။ | ကျေးလက်ဒေသတစ်ခွင်အလှဆင် |
| ၈:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသောအချစ် (အပိုင်း-၁၇)** |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

# ကျေးလက်စာကြည့်တိုက်များထူထောင်ဖို့ ပူးပေါင်းပါဝင်ကူညီစို့

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

၂၀၀၄ခုနှစ် မေလ ၁၁ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပခဲ့သည်။ထိုအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

**“ယနေ့အချိန်အခါလို မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံးလက်တွဲပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါကာလဖြစ်သည်နှင့်အညီ အမျိုးသားရေးနိုးကြားမှုဖြင့် အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာမှုတို့ ဆက်လက်ဖြစ်ထွန်းနေမှသာ မိမိတို့၏ အမျိုးသားရေး မျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မှာဖြစ်ကြောင်း။**

**ထို့ပြင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအကြား မိမိနိုင်ငံမိမိ ချစ်ခင်မြတ်နိုးစွာ တည်ဆောက်ကာကွယ်လိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုကြီး မယိုင်မလဲ မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲအောင် စောင့်ရှောက်မြှင့်တင်လိုသည့် စိတ်ဓာတ်စသော စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးလည်း ယနေ့အချိန်အခါကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးအတွက် မရှိမဖြစ် တည်ဆောက် ဖော်ဆောင်ထားရမည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများပင်ဖြစ်ကြောင်း။**

**ထို့ကြောင့်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားစာပေ အင်အားကြီး တစ်ရပ်လုံး ယခုကဲ့သို့ စုစည်းညီညွတ်စွာ ရပ်တည်ပြီး တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲ နိုးကြားတက်ကြွနေစေရအောင် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင် မြှင့်တင်ပေးရေးကို အစဉ်ကြိုးပမ်းကြရမည်ဆိုသည်ကို စာပေပညာရှင်များအားလုံးက ခံယူထားကြရမှာဖြစ်ကြောင်း။**

**စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှု နယ်ပယ်ကဏ္ဍအားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ်လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့် ပြည့်စုံသကဲ့သို့ နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အပြုသဘောစွမ်းအားမှာလည်း စာပေပင်ဖြစ်သည်ဆိုသည်ကို စာပေလောကသားများအားလုံးက ခံယူကြရမှာဖြစ်ကြောင်း။**

**ပြည်ထောင်စုကြီး၏ လူမှုဘဝအဖုံဖုံ ဘက်စုံတိုးတက်ထွန်းကား ခိုင်မြဲရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသူ၊နိုင်ငံသားအားလုံး ပညာရည်မြင့်မားစေရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်စေရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကော မပပျောက်စေရန်၊ တိုင်းရင်းသားပြည်သူအားလုံး အသိဉာဏ်ပညာ ထက်မြက်ပြီး အတွေးအမြင် ကြည်လင်ပြတ်သားစေရန်နှင့် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရှင်သန်စေရန်တို့ကို စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်ဟု နိုင်ငံတော်အစိုးရက လက်ခံယုံကြည်ထားပြီးဖြစ်ကြောင်း။**

**ထို့ပြင် နိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး အတွေးအမြင် ဗဟုသုတကြွယ်ဝရေး၊ စိတ်နှလုံးပျော်ရွှင် ချမ်းမြေ့ရေးနှင့် နှလုံးရည်ထက်မြက်ရှင်သန်ရေးတို့မှာလည်း စာပေနှင့် စွမ်းဆောင်နိုင်မှုမှာ အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း”** နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော် အစိုးရအနေဖြင့် စာပေ၏ တန်ဖိုးမဖြတ်နိုင်သည့် စွမ်းအားနှင့် အရေးပါမှုတို့ကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံနှင့် မိမိလူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံကြီးတစ်ရပ် ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းနေစေရအောင် အဘက်ဘက်က အားပေးကူညီ စောင့်ရှောက်လျက်ရှိသည်။

မြန်မာစာပေတိုးတက်စည်ပင်ရေးနှင့် အဆင့်အတန်း မြင့်မားရေးတို့အတွက် အဘက်ဘက်က အားပေးကူညီလျက်ရှိသည့်အပြင် စာပေပညာရှင်များ၏ လူမှုဘဝ လုံခြုံမြင့်မားစေရေးအတွက်လည်း အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးနေပေသည်။

စာအုပ်စာပေ ထုတ်ဝေမှုများ တိုးတက်ဖြစ်ထွန်းလာအောင်၊ စာဖတ်ပရိသတ် တိုးတက်ပွားများလာအောင်၊ စာပေရေးသားမှုများ တိုးပွားဖြစ်ထွန်းလာအောင် စာပေဆုချီးမြှင့်မှုများ၊ စာပေပြိုင်ပွဲကျင်းပပေးမှုများ၊ စာနယ်ဇင်းထုတ်ဝေရေးလုပ်ငန်းများ တိုးတက်လာအောင် အားပေးမှုများ၊ စာကြည့်တိုက်များ တိုးချဲ့ထူထောင်ပေးမှုများ စသည့် အားပေးထောက်ကူမှုများစွာကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

တစ်ဖက်ကလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိပါသည်။

နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများထိ ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများ ပွင့်လန်းအောင်

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အလှူရှင်ဆင်တောင်ကြီးစာပေက စာစောင် ၁၀၇၁စောင် ပေးအပ်လှူဒါန်းစဉ်။**

***ပြန်ကြားရေးဝန်ကြီးဌာနသည် နယ်စပ်နှင့် ကျေးလက် ဒေသအထိ သတင်းစာများရောက်ရှိရေး၊ ကျေးရွာတိုင်းတွင် လက်လှမ်းတမီ စာပေဗဟုသုတလေ့လာနိုင်သည့် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ဖော်ဆောင်ပေးနေပေသည်။ ယခုအခါ မြို့နယ်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ပေါင်း ၄၀၀ကျော် ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကျေးရွာ၊ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး ကူညီအားပေးလျက်ရှိသည်။***

စာပေဆုနှင့် စာမူဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိရာ အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများ၊ အမျိုးသားရေးဆောင်ပုဒ် အကောင်အထည်ဖော်ရေး စာပေဆုများအပြင် ပုဂ္ဂလိကစာပေဆုများကိုပါ အားပေးလျက်ရှိသဖြင့် စာပေကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး၊ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး အခွင့်အလမ်းများ ပွင့်လန်းလျက်ရှိပါသည်။

ယင်းကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာပေလောကသားများ လူမှုဘဝ လုံခြုံမြင့်မားစေရေးအတွက် အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပြည်သူများအတွေးအခေါ်မှန်ကန်ရေး၊ စိတ်ဓာတ်၊စည်းကမ်းနှင့် စာရိတ္တမြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရေးမှအစပြုကာ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဗဟုသုတ လေ့လာလိုက်စားသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းစေရန် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နယ်စပ်နှင့် ကျေးလက်ဒေသအထိ သတင်းစာများရောက်ရှိရေး၊ ကျေးရွာတိုင်းတွင် လက်လှမ်းတမီ စာပေဗဟုသုတလေ့လာနိုင်သည့် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များချမှတ်ဖော်ဆောင်ပေးနေပေသည်။ ယခုအခါ မြို့နယ်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ပေါင်း ၄၀၀ကျော်ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကျေးရွာ၊ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး ကူညီအားပေးလျက်ရှိသည်။

၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျေးရွာအုပ်စုအားလုံး၌ စာကြည့်တိုက်များဖွင့်လှစ်ပြီးစီးရေးကို ပြန်ကြားရေးဝန်ကြီးဌာနက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်း အစည်းအဝေးကို ၁၇-၈-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးကာ အမှာစကားပြောကြားခဲ့သည်။

ညှိနှိုင်းအစည်းအဝေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြဝတီစာပေတိုက်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကစာပေတိုက်များ၊ ဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များ၊ စာအုပ်စာပေဖြန့်ချိရေး လုပ်ငန်းတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင်-

**“နိုင်ငံတော်က လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မာရေးသည်လည်း တစ်ချက်အပါအဝင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံးနယ်စပ်ဒေသများပါမကျန် သတင်းအချက်အလက်များ အချိန်မီရောက်ရှိပျံ့နှံ့ရေး၊ ပြန်ကြားရေးနှင့် သတင်းအချက်အလက်များ ပြည်ပသို့ ထိုးဖောက်ရောက်ရှိရေးနှင့် သတင်းအချက်အလက်များ သွက်လက်ထက်မြက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။**

**ထို့သို့ ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စုအနက် ယခုအချိန်အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂ အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆ အုပ်စု ကျန်ရှိနေသေးကြောင်း၊ ထို့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးမှုအပါအဝင် စေတနာရှင်များနှင့် ကျေးရွာ ပြည်သူလူထုတို့ကလည်း ပူးပေါင်းဆောင်ရွက်ပါက အမြန်အကောင်အထည် ဖော်နိုင်မည်ဖြစ်ကြောင်း”** ဆွေးနွေးပြောကြားသွားသည်။

ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်သည်နှင့်အမျှ ကျေးလက်ပြည်သူများ စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး အသိပညာများ တိုးတက်လာ၍ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် ပိုမို ဖြစ်ထွန်း အောင်မြင်လာတော့မှာ ဖြစ်သည်။

ထို့နေ့က ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော စာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များက ကျေးရွာစာကြည့်တိုက်များ အရှိန်အဟုန်ဖြင့်ပေါ်ထွန်းလာရေးအတွက် စိတ်ပါဝင်စားစွာ အကြံပြုဆွေးနွေးကြပြီး ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ကြမည်အကြောင်း အားတက်သရော ပြောကြားခဲ့ကြသည်။ ဆက်လက်၍လည်း စာအုပ်၊ မဂ္ဂဇင်း၊ စာစောင်ပေါင်း ၁၄၁၈၀အုပ်(တန်ဖိုးငွေကျပ် ၅၄၁၁၃၄၀)ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ★


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။

✤ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ဆက်သွယ်ပါ။

✤ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပျက်စီးလမ်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူးဦးဗိုလ်ဌေးလိုက်ပါ၍ ရန်ကုန်မြို့တော်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချို့ယွင်းပျက်စီးသွားသော လမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်းမှာကြားသည်။

ရွှေဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အင်တာနေရှင်နယ်ကျောင်းအရှေ့လမ်းများ ရေကျော်မှုမှ ကင်းဝေးစေရန် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဝန်ထမ်းများက လမ်းဘေးဝဲယာ ရေနုတ်မြောင်းများမှ နုန်းဆယ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ချဲ့ထွင်ခြင်းလုပ်ငန်းများနှင့် ကမ္ဘောဇလမ်းတစ်လျှောက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချို့ယွင်းပျက်စီးနေသော လမ်းပေါက်များအမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

# ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဩဂုတ် ၂၀**

တောင်ဥက္ကလာပမြို့ (၅)ရပ်ကွက် ပါရမီလမ်း(၃)ဝိုင်း ဒေးဒရဲ ကျောင်းတိုက် ဆုတောင်းပြည့် ကြေးတော်ကြီးဘုရားတွင် (ပထမအကြိမ်) စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ရက်၊ ဝါခေါင်လပြည့်ကျော် ၆ရက် (တနင်္ဂနွေနေ့)တွင် ဩဝါဒါစရိယ ဘဒ္ဒန္တ အဂ္ဂဝံသ ဥဘတောဝိဘင်္ဂဓရ မဟာဓမ္မာ စရိယ မဟာစည် နယ်လှည့် ဓမ္မကထိက ဆရာတော်နှင့် မြို့နယ် သံဃနာယက ဆရာတော်ကြီးများအား လှူဒါန်းမည့် စုပေါင်း လှူဒါန်းငွေကျပ် တစ်သိန်းအား ဘုရားဒါယကာဦးသက်က အကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဆွမ်း၊ သင်္ကန်း၊ ဝတ္ထု လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဆရာတော် အဂ္ဂဝံသ ကြေးတော်ကြီးဘုရား၊ ဦးလှစိုး (တိုင်းအုပ်ချုပ်ရေးမှူး) ရန်ကုန်တိုင်း ဖုန်း-၃၇၀၅၀၈၊ ဦးကျော်ဆွေ (မြို့နယ်ဥက္ကဋ္ဌ) တောင်ဥက္ကလာ ဖုန်း-၅၆၀၅၇၄၊ ဦးသန်းဦး (၅)ရပ်ကွက်ဥက္ကဋ္ဌ ဖုန်း-၅၇၁၈၇၂၊ ဦးသက်-ဒေါ်မြင့်မြင့်(၆)ရပ်ကွက်၊ ဖုန်း-၅၇၁၅၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၉)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၀-၈-၂၀၀၄)

| | |
|---|---|
| မြောင်းမြ | ၄ဒသမ ၁၃ လက်မ |
| ဖျာပုံ | ၃ဒသမ၈၆ လက်မ |
| ရေး | ၃ဒသမ၄၆ လက်မ |
| ပုသိမ် | ၃ဒသမ၁၁ လက်မ |

## ရန်ကုန်မိုးရေချိန်

(၂၀-၈-၂၀၀၄)

**မင်္ဂလာဒုံ**
၀ဒသမ၈၃ လက်မ
**မန္တလေး**
၀ဒသမ၇၁ လက်မ
**ရန်ကုန်မြို့လယ်**
၀ဒသမ၇၁ လက်မ

# နယ်စပ်ဒေသ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းကျောင်းများ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းအမှတ်စဉ်(၂၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် သင်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၂၀ခန့် တက်ရောက်ကြသည်။ အဆိုပါသင်တန်းများတွင် အခြေခံအိမ်တွင်းမှု သင်တန်းသူ ၂၇ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ သုံးဦး စုစုပေါင်း ၃၀တို့ တက်ရောက်အောင်မြင်ကြသည်။

အလားတူမင်းတပ်၊ မတူပီ၊ ဖလမ်း၊ တီးတိန်အိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက် ၉နာရီတွင် သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီး၌ ကျင်းပသည်။ သင်တန်းတွင် အခြေခံစက်ချုပ်ပညာ၊ လက်မှုပညာ၊ အစားအစာပြုလုပ်နည်း ပညာရပ်များအပြင် အအေးပိုင်းဒေသ လိုအပ်ချက်အရ အထူးပြုဘာသာရပ်အနေဖြင့် သိုးမွေးစက်ဆွဲပညာရပ်များ သင်ကြားပေးပြီး သင်တန်းသူ ၃၀စီ တက်ရောက်အောင်မြင်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ဖြစ်သည်။

ထို့အတူ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ ရေး၊ မြဝတီ၊ မြိတ်၊ ကော့သောင်း၊မောင်တောမြို့များရှိအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့်အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းဆင်းပွဲများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ ယနေ့နံနက် ၉နာရီတွင် ကျင်းပသည်။ (သတင်းစဉ်)

☆ စာမျက်နှာ(၁၀)ဆောင်းပါးမှအဆက်

ယခုအခါအစိုးရဌာနဆိုင်ရာစာပေထုတ်ဝေရေးလုပ်ငန်းများက သတင်းစာ၊ ဂျာနယ်များအပြင် နိုင်ငံတော်မူဝါဒကို ထင်ဟပ်သည့် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြု စာအုပ်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ စာအုပ်များကို ထုတ်ဝေဖြန့်ချိပေးလျက်ရှိပါသည်။ သတင်းစာများဆိုလျှင် အစွန်အဖျားဝေးလံသည့် ဒေသများအထိ အချိန်မီ အလွယ်တကူရောက်ရှိ ဖတ်ရှုနိုင်အောင် ပြည်နယ်နှင့်တိုင်း မြို့ကြီးရှစ်မြို့၌ ကိုယ်ပွားသတင်းစာများကို နေ့စဉ် တစ်ပြိုင်တည်း ပုံနှိပ်ဖြန့်ချိပေးလျက်ရှိနေပြီဖြစ်သည်။

ပုဂ္ဂလိကစာပေထုတ်ဝေရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးစည်ပင်လျက်ရှိရာ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏ စာရင်းဇယားများအရ ၂၀၀၄ခုနှစ်နှစ်ဦးအထိ မြန်မာတစ်နိုင်ငံလုံးတွင် ပုံနှိပ်တိုက်ပေါင်း ၅၀၃၇ခုနှင့် ထုတ်ဝေသူပေါင်း ၇၅၉ဦးရှိပြီး၊ ၂၀၀၃ခုနှစ်အတွင်း စာအုပ်အမျိုးပေါင်း ၉၇၅၉မျိုး ထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြောင်းသိရပါသည်။ အပတ်စဉ်၊လစဉ်အချိန်မှန်ထုတ်ဂျာနယ်တစ်ရာကျော်နှင့် မဂ္ဂဇင်းအမျိုးပေါင်း ၁၅၀ကျော်ကိုလည်း အပတ်စဉ်၊လစဉ်ပုံမှန်ထုတ်ဝေနေကြသည်။

နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ မြန်မာစာပေလောကကြီး ရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေအချိန်အခါကောင်းတွင် စာပေပညာရှင်များ၊ စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများ၊ ပုံနှိပ်သူများ အားလုံးကလည်း မြန်မာစာပေ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည်တံ့ခိုင်မြဲစွာ ရှင်သန်ဖွံ့ဖြိုးစေရန်၊ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင် ပေးနိုင်စေရန်၊ စာရေးသူ၊ထုတ်ဝေသူ၊စာဖတ်သူတို့မျှတစွာ အကျိုးဖြစ်ထွန်းစေရန်တို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံး ကိုယ့်အားကိုယ်ကိုးကြိုးပမ်းဆောင်ရွက်နေသည့် ယခုအချိန် ကာလတွင် ကျေးရွာတိုင်း၌ ပညာဘဏ်တိုက်စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူများ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် စာအုပ်စာပေများ စဉ်ဆက်မပြတ် ဖတ်ရှုနိုင်ရန် စာပေလောကသားများအပါအဝင် စေတနာရှင်၊ အလှူရှင်အားလုံးက အားတက်သရော ပူးပေါင်းပါဝင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး နားမကြားသောကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို အလှူရှင် Kyochin Co, Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Sadaaki Tachiki၊ ပါမောက္ခ Mr. Minoru Kiryu နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (လူမှုဝန်ထမ်း)

# မန္တလေး နားမကြားသော ကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဩဂုတ် ၁၉ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး နားမကြားသော ကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ယင်းအခမ်းအနားသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်တာဝန်ရှိသူများ၊ အလှူရှင်ဂျပန်နိုင်ငံနေ Kyochin Co, Ltd ဥက္ကဋ္ဌ Mr. Sadaaki Tachiki နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေဦးစွာ အလှူရှင် Kyochin Co, Ltd ဥက္ကဋ္ဌ Mr. Sadaaki Tachiki၊ ပါမောက္ခ Mr. Minoru Kiryu နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး နားမကြားသော ကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် Kyochin Co, Ltd ဥက္ကဋ္ဌ Mr. Sadaaki Tachiki က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင်ဒုတိယဝန်ကြီး၊ ဒုတိယတိုင်းမှူး၊ အလှူရှင်နှင့် ဧည့်ပရိသတ်တို့သည် မန္တလေးနားမကြားသော ကလေးများကျောင်းအတွင်းရှိ ဘက်စုံ သင်တန်းခန်းမဆောင်၌ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးမှုကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်၅၀(စီ)နေ ကွယ်လွန်သူဦးတင်မောင်(သား) မောင်ဌေးအောင်တို့အား ရည်စူး၍ ဒေါ်မမကြီး(သမီး) ဒေါ်အေးအေးမြင့်(မြေး) ကိုသိန်းဇော်ဦး မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် ရှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ဩဂုတ် ၁၇ရက်က ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# စက်သုံးဆီ ခြိုးခြံ ချွေတာရေး

▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံ ချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။

▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ဒသမ၅သန်း သက်သာမည်။

▲ ထိုငွေဖြင့် ရောဝတီ မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

# စူပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၀**

ရှင်ဖုန်းပြောတဲ့ လူငယ်တစ်ယောက်ရဲ့ ခံစားချက်၊ ဂျင်ဆန်းမီရဲ့ အိမ်ထောင်ရေး အခြေအနေ၊ မာရဇ္ဇနှင့် သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ Title အဆန်းအပြားနဲ့ ချစ်သော အရိမန္ဒနပူရ၏ မဟာအောင်ပွဲ၊ အာရှရဲ့ ကျော်ကြားထင်ရှားမှုအရှိဆုံး ပုဂ္ဂိုလ် ၅၀တွင် ဒါရိုက်တာရင် (ကျန်တုံကျန်း) ပါဝင်၊ ဒီနှစ်ပိုင်းမှာ ဆွဲဆောင်မှုအရှိဆုံးဖြစ်လာတဲ့ လက်တင် အမေရိက အဆိုတော် ရှကီရာ (Shakira) စသော ပြည်တွင်းပြည်ပ ရုပ်ရှင်နှင့် ဂီတပညာရှင် စူပါတို့၏ ဘဝအလှဒဿနများနှင့်အတူ ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင်မျိုးစန္ဒီကျော်၏ အလှပုံရိပ်စတိုင်လ်ရောင်စုံ ဓာတ်ပုံတို့ဖြင့် “စူပါ” သတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁) (၂၉)လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိလိုက်ကြောင်း သိရသည်။ (က-ပ)

# မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် မြေသန့်မင်္ဂလာ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၂၀

**တနင်္သာရီတိုင်း မြိတ်မြို့ စန္ဒဝတ် ကုန်းတော်တွင် တည်ထားကိုးကွယ် လျက်ရှိသော မဟာသိဒ္ဓိဇယ စေတီတော် သိမ်နုတ် မြေသန့်မင်္ဂလာ အခမ်းအနားကို ဩဂုတ်၁၂ရက် နံနက် ၉နာရီက အဆိုပါစေတီတော် ပရိဝုဏ်အတွင်း ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေတောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး၊ တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ မြို့မိ၊ မြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြည် ညိုကြသည်။

**သီကျူးပူဇော်**

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မြန်မာ သမားတော်ကြီး ဦးသိန်းနိုင်က ထူးမခြားနားသီချင်းဖြင့် သီကျူးပူဇော်သည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များက မြိတ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ခဲကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ခဲကျောင်း ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သမားတော်ကြီး ဦးသိန်းနိုင်က အောင်စေပိုင်စေ သီချင်းဖြင့် သီကျူးပူဇော်၍ တိုင်းမှူးနှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် အခမ်းအနားကို သိမ်ဆောက်လုပ်မည့်မြေနေရာတွင် ဆက်လက် ကျင်းပရာ ဆရာတော် သံဃာတော်များက သိမ်နုတ်မြေသန့်မင်္ဂလာအစီအစဉ်အတိုင်း ဆောင်ရွက်တော်မူကြပြီးနောက် တိုင်းမှူးနှင့် ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ချမ်းမြေ့ရိပ်သာကျောင်း ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်း၏ (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်း ဆက်ကပ်ပွဲကို ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ စက်တင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး ၁၅၀ တို့အား ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်မည်ဖြစ်ပြီး၊ ယင်းနေ့ နံနက် ၈ နာရီမှစ၍ အလှူရှင်များကိုယ်တိုင် သင်္ကန်းကပ်လှူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။(က-ပ)

# လျောင်းတော်မူဘုရားကြီး တည်ထားရန်နှင့် ဂန္ဓကုဋိကျောင်းဆောင်အတွက် လှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၂၀**

ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၆၂ ဘုရားကလေး ကျေးရွာအုပ်စု ဥက္ကံမင်းလမ်းရပ်ကွက် ကန်ဦးကျောင်းတိုက်အတွင်းရှိ အနန္တမေတ္တာ မဟာဇေယျာသိဒ္ဓိ ဆုတောင်းပြည့်လျောင်းတော်မူဘုရားကြီး တည်ထား ပူဇော်ရန်နှင့် ဂန္ဓကုဋိကျောင်းဆောင် ဆောက်လုပ်လျက်ရှိရာ လှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တကုလနန္ဒက ကန်ဦးကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

# နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ (၆၆)နှစ်မြောက်မွေးနေ့ဝိဇာတ အလှူတော်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် သမိုင်းဝင်ရွှေနတ်တောင် စေတီတော်မြတ်ကြီးအနီး ငါးဆူတောင် ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ မထေရ်မြတ်ဆရာတော်၏ (၆၆)နှစ်မြောက် ဝိဇာတအလှူတော် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် မဟာမုနိ ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်ပရိဝုဏ်အတွင်း၌ ကျင်းပမည်ဖြစ်သည်။

**ဖူးမြော်ကြည်ညို**

ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာပွဲတွင် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ ကြွရောက်ဖူးမြော်ကြည်ညိုနိုင်ကြကြောင်း သိရသည်။

(က-ပ)

# (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပသည့် ၂၀၀၄ ခုနှစ် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။**

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်များ၊ စစ်တုရင်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသော အသက်(၂၀)အောက် ချန်ပီယံ မန္တလေးတိုင်း၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ချန်ပီယံ ရခိုင်ပြည်နယ်၊ မြန်မာ့ရိုးရာ စစ်တုရင်ချန်ပီယံ ဧရာဝတီတိုင်းနှင့် စွယ်စုံတံခွန်စိုက်ချန်ပီယံ မန္တလေးတိုင်းတို့က မိမိတို့ရရှိခဲ့ကြသော ချန်ပီယံဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ **(ယာပုံ)** ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြိုင်ပွဲရုံအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ပြိုင်ပွဲ-ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်က မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြကာပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# ၂၀၀၄ ခုနှစ် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။** (အပေါ်ဝဲပုံ)

**တက်ရောက်**

အစည်းအဝေးသို့ ၂၀၀၄ ခုနှစ်မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၁၉၉၇ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ကျင်းပမည့် ညီလာခံတွင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း သုတေသနစာတမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖွံ့ဖြိုးမှုသုတေသနစာတမ်းများ တင်သွင်းသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာ သန်းထွန်းစိန်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ပိုင်စိုးက လည်းကောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားမှုကို ညွှန်ကြားရေးမှူး ဒေါက်တာကျော်မင်းကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် နေ့ရက်ကို ညှိနှိုင်းသတ်မှတ်ပြီး ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# အခြေခံမူကြို ဆရာမများသင်တန်းဆင်းပွဲ ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးတက်ရောက်

**ရန်ကုန် ဩဂုတ် ၂၀**

ကယားပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနှင့် ပြည်နယ် လူမှုဝန်ထမ်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံ မူကြိုဆရာမများ သင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးနှင့် ဇနီး၊ ပြည်နယ်အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွိုင်ကော်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ပြည်နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစီအစဉ်အရ ရှေးဦးစွာပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခိုင်သက်မွန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

**ရုပ်သိမ်း**

ထို့နောက် ပြည်နယ်အသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခိုင်သက်မွန်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူပြီး သင်တန်းသူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ကယားပြည်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ကိုယ့်အားကိုယ်ကိုး နေ့ကလေးထိန်းကျောင်းများမှ မူကြိုဆရာမများ စုစုပေါင်း ၂၆ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်း လီမိတက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း လသာမြို့နယ် လသာလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အဆိုပါဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လသာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် သဘာပတိ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ လက်ထောက်အထွေထွေ မန်နေဂျာ ဦးစိန်လှထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက ငွေစုငွေချေး သမဝါယမအသင်း ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းရေး၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် လသာမြို့နယ်သမဝါယမဦးစီးမှူး ဦးစဖန်းရှောင်းက အမှာစကားပြောကြား၍ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးရှင်းတမ်း၊အမြတ်ခွဲဝေစာရင်းတို့ကို အတည်ပြုကြကာ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ပညာရှင်အသင်း၊ လုပ်ငန်းရှင်အသင်း၊ ဝါသနာရှင်အသင်းများ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)နှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း(MCEA)တို့၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၈ရက် (စနေနေ့) နံနက် ၈နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များအားလုံး တက်ရောက်ရန်နှင့် ဆွေးနွေးအကြံပြုချက်များကို ဩဂုတ် ၂၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ ပေးပို့မေးမြန်းနိုင်သည်။

(သတင်းစဉ်)

# ဆေးပညာရှင်အဖွဲ့ အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ခုနှစ် နှစ်ဝက်စုံညီအစည်းအဝေးကို ဩဂုတ် ၂၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**တက်ရောက်နိုင်**

ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် "Symposium on Township Health System" ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဆေးပညာရှင်အဖွဲ့ဝင်များ နံနက် ၈နာရီမှစတင်၍ မှတ်ပုံတင်နိုင်သည်။

(သတင်းစဉ်)

**ကွယ်လွန်သူ ဗိုလ်ကြီးကြီးမြင့်အားရည်စူး၍ အမှတ်(၁၁၂) ၉၁လမ်း ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မြမြနှင့် သားသမီးမြေးတစ်စုက ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဩဂုတ်၁၁ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင်လက်ခံယူစဉ်။** (က–ပ)

# ခပိန်ဘာသာဖြင့် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်ပေးမည်

**ရန်ကုန် ဩဂုတ် ၂၀**

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသော လိုင်စင်ရဧည့်လမ်းညွှန်များအနေဖြင့်စပိန်ဘာသာကျွမ်းကျင်တတ်မြောက်ပြီး လိုင်စင်တွင် ဖြည့်စွက်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အစစ်ဆေးခံရန် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်မူရင်း၊ စပိန်ဘာသာကျွမ်းကျင်မှု အောင်လက်မှတ်များနှင့်အတူ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ခရီးသွားလာရေးကြီးကြပ်မှုဌာနခွဲသို့ လာရောက်လျှောက်ထားရမည်ဖြစ်သည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်ထူထောင်ရေးနှင့် မူပိုင်ခွင့်ရုံးခန်းဖွင့်လှစ်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ကျင်းပသော ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization -WIPO)က ကျင်းပသည့် မြန်မာနိုင်ငံ၌ မူပိုင်ခွင့်စနစ်ထူထောင်ရေး၊ မူပိုင်ခွင့်ဆိုင်ရာ ရုံးခန်းဖွင့်လှစ်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို တက်ရောက် ဆွေးနွေးပြီး WIPO မှ Director General Ms. Liew Woon Yin က IP System ဖွံ့ဖြိုးရေး၊ IP Office ထူထောင်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့သိရှိလိုကြသည်များကိုမေးမြန်းကြရာ WIPOမှတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁–၈–၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "တဏှာသခ်ယသုတ်"**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- **၄:၂၅** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၆။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Functions of Randow Variables (စီးပွားရေး)
- **၅:၃၀** ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း–၂၇)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၃။ English Premier Leagueဘောလုံးပွဲ -Manchester United Vs Norwich City
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

**ဩဂုတ် ၁၃ရက်က မရမ်းကုန်းမြို့နယ် ဂျီအီးစီ(ပညာရေး) အသင်းဝင်များ၏ ၂၀၀၄ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အမက(၂) ကျောင်းခန်းမ၌ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးမြသန်းက လေးဘာသာ ဂုဏ်ထူးရှင် မခင်ကုသိုလ်အား ဆုချီးမြှင့်စဉ်။**

(က–ပ)

# ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းလှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသောစေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး၁၀ပါးကို ဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း ၀၁–၂၉၁၀၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၇၁–၂၁၀၀၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄နှင့် ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

# ခြေစမ်းဘောလုံးပွဲ အဆင့်မြင့်တန်း ညွန့်ပေါင်းလူငယ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၀

အဆင့်မြင့်တန်းမှ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့်အဆင့်မြင့်တန်း ညွန့်ပေါင်းလူငယ်ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ အဆင့်မြင့်တန်းညွန့်ပေါင်းလူငယ် ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညွန့်ပေါင်းလူငယ် ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို မြတ်မင်းဦးနှင့် ကျော်ကျော်စိုးတို့က တစ်ဂိုးစီသွင်းယူသည်။

အဆိုပါ ခြေစမ်းပွဲတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဦးစိုးမိုးကျော်၊ စည်းကြပ်ဒိုင်အဖြစ် ဦးစန်းဌေးနှင့် ဦးလှမင်းတို့က ဆောင်ရွက်ခဲ့ကြသည်။

(ကြေးမုံ)

---

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်

၁။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်၌ ရန်ကုန်တက္ကသိုလ်မှ ...

သို့နှင်းသဘင် ... (၂၈-၈-၂၀၀၄)

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | E.O.P အဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာ အထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | ရန်ကုန်တက္ကသိုလ် |

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | မနုဿဗေဒအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု | ရန်ကုန်တက္ကသိုလ် |

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအဓိကလုံး | လှိုင်သာယာကောလိပ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဘူမိဗေဒအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |
| သိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအဓိကလုံး | ရန်ကုန်တက္ကသိုလ် |

| | | |
|---|---|---|
| ၂၈-၈-၂၀၀၄ | ၂၅-၈-၂၀၀၄ | ၂၅-၈-၂၀၀၄ |
| ၂၉-၈-၂၀၀၄ | ၂၆-၈-၂၀၀၄ | ၂၆-၈-၂၀၀၄ |

(ပုံ)မောင်)
ဒေါ်လှမြင့်
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရန်ကုန်တက္ကသိုလ်

ရက်စွဲ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်။

Singapore Scholarship Programme
AIT Academy Unicampus, S'pore ကျောင်းအ ကြောင်းနှင့်
Scholarship အစီအစဉ်များကို ဟောပြောမည် ဖြစ်ပါသဖြင့်
စိတ်ဝင်စားသူများအောက်ပါအစီစဉ်အတိုင်းတက်ရောက်နိုင်ပါသည်
Free Grand Plaza Parkroyal Hotel
22 August 2004 ( 9:00 am - 11:00 am)
12-01, Olympic Tower, BoAungKyaw St , Ph: 243161, 256602

**OD TOUR အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်**

| | |
|---|---|
| ပုဂံဘုရားစုံနှင့် စွယ်တော်လေးဆူ၊ ပုပ္ပား | Sep-2,9 |
| မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း(တောင်ပြုန်းပွဲ) | Aug-24,Sep-2 |
| မူဆယ်၊ရွှေလီခရီးစဉ်များ | Sep-2,9 |

ခရီးစဉ်တိုင်းကို ခရီးသည်အနည်းဆုံး ၁၅ဦးပြည့်လျှင်စီစဉ်ပေးပါမည်။ မြို့တွင်း/ပြင် ခရီးမျိုးစုံအတွက် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။ အကောင်းဆုံးဝန်ဆောင်မှုဖြင့် စိတ်ကျေနပ်မှုရှိစေရမည်။
52 (A)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ဖုန်း-၅၀၄၈၀၈၊ ၅၃၇၆၇၂။

**လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဇအိုနာ(အထူးကု)**




**HiLux ရောင်းမည်**
4 ချိတ် (81- 82) ဒ/--
ဝယ်သူကိုယ်တိုင်သာ ဆက်သွယ်ပါ။
ဖုန်း-095001394, 561596

**အမည်ပြောင်းခြင်း**
ဦးကျော်ဝေ၏ သား အထက(၂) မြောက်ဥက္ကလာပ ဒသမတန်း (D)မှ မောင်ကျော်မင်းသူအား မောင်ထူးအိမ်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ထူးအိမ်လင်း။**

# မိုးနဲမြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိုးနဲ ဩဂုတ် ၁၀**

လွိုင်လင်ခရိုင် မိုးနဲမြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်အစေ့ချပြိုင်ပွဲနှင့် လယ်ယာ ၁၆ ထွန်စက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက နားခံကျေးရွာစိုက်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင်(၂) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှက အမှာစကားပြောကြားသည်။ မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာ ဦးဘသင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းခေါင်းဆောင်များအား ကြိုးတန်းများ ပေးအပ်ကာ ပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှနှင့် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ ကောက်စိုက်ပြိုင်ပွဲ ပထမဆုကို လွိုင်မြေကလည်းကောင်း၊ ဒုတိယဆုကို နောင်ကျော့ကလည်းကောင်း၊ တတိယဆုကို ဥယျာဉ်ကလည်းကောင်း၊ တိုက်ရိုက်အစေ့ချပြိုင်ပွဲ ပထမဆုကို နောင်ကျော့ကလည်းကောင်း၊ ဒုတိယဆုကို လွိုင်မြေကလည်းကောင်း၊ တတိယဆုကို ပေါ့မိုင်းကလည်းကောင်း၊ လယ်ယာ ၁၆ ထွန်စက်စွမ်းရည်ပြိုင်ပွဲ ပထမဆုကို နောင်ကျော့ကလည်းကောင်း၊ ဒုတိယဆုကို နာဟောင်ကလည်းကောင်း၊ တတိယဆုကို ဥယျာဉ်ကလည်းကောင်း အသီးသီးရရှိကြပြီး ဆုများကို ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ပြည်နယ်ရဲမှူးကြီး သူရတင်လှ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်ဝေ၊ လွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်တို့က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ပြည်သူများအင်အား ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ ဗန်းမော်မြို့ရှိ ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# (၇၁)ကြိမ်မြောက် သူရိယာရာမတရားစခန်းပွဲ

**ကျောက်တန်း ဩဂုတ် ၁၉**

မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ် ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားစခန်းပွဲကို ရန်ကုန်တိုင်း ကျောက်တန်းမြို့ သူရိယာရာမ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်က ဝါခေါင်လဆန်း ၁၅ ရက်မှ ဝါခေါင်လပြည့်ကျော် ၆ ရက် အထိ တရားတော်များ ဟောကြားမည်သည်။ လကွယ်နေ့များတွင် စခန်းပွဲများကျင်းပမည်ဖြစ်ရာ ဖုန်း-၀၅၆-၂၅၂၂၆ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြို့နယ် သတင်းများ

ပဲခူးမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆေးရုံလမ်းဘေးဝဲ၊ယာတစ်လျှောက် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို ဩဂုတ် ၁၄ ရက်က အဖွဲ့ဝင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် ဦးစီးအရာရှိ ဦးသောင်းဟန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုး ဟသ်ာတမြို့၏ အမှိုက်များ စွန့်ပစ်သည့်နေရာ၊ ညောင်ပင်ရပ်ကွက်ရှိ အမှိုက်ပုံမှ အမှိုက်များအား မြေထိုးစက်ဖြင့်ရှင်းလင်းခြင်း၊အမှိုက်စွန့်ပစ်ရာနေရာသို့ အမှိုက်ကားများ ချောမောစွာ သွားလာနိုင်ရေးအတွက် လမ်းပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဩဂုတ် ၁ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပ

**ရေတာရှည် ဩဂုတ် ၁၇**

ရေတာရှည်မြို့နယ် ပညာရေးနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ရေတာရှည် အထက အောင်ဆန်းခန်းမတွင် ကျင်းပသည်။

### တက်ရောက်

ဟောပြောပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဦးထွန်းမေအောင်နှင့် ကျန်းမာရေးဌာနတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးကျော်လှိုင်နှင့် အထက၊ အလက၊ ကျောင်းအုပ် ဆရာကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဟောပြော

ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဦးထွန်းမေအောင်က ကျန်းမာရေးဆိုင်ရာ အသိပညာပေး ပြောကြားပြီး သွားဆရာဝန် ဦးမင်းဟန်က သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေး ဆွေးနွေးဟောပြောကြသည်။ **(၁၄၁)**

# နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်း (၂)ရပ်ကွက် အောင်တော်မူကျောင်း ပရိယတ္တိစာသင်တိုက် အတုလဓမ္မာရုံကြီးတွင် ၁၃၆၆ ခု ဝါခေါင်လပြည့်ကျော် ၈ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် နယ်လှည့်ဓမ္မကထိက မော်လမြိုင်ဆရာတော် ချင်းတွင်းအရှင် ကလျာဏက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်ပေးလျက်ရှိရာ ဇူလိုင် ၂၈ရက်က မြောင်းမြမြို့နယ် ပျဉ်းမကွင်းကျေးရွာအုပ်စုအတွင်း စက်ကုန်းလေးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြအောင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

# နမ့်ခမ်းတွင် ကျေးရွာ စာကြည့်တိုက်များဖွင့်

**နမ့်ခမ်း ဩဂုတ် ၁၉**

နမ့်ခမ်းမြို့နယ် ကောင်းဆာကျေးရွာတွင် အမြင်သစ် စာကြည့်တိုက်ကို ဩဂုတ် ၁၂ ရက်ကလည်းကောင်း၊ ဝိန်းဆာကျေးရွာတွင် စွမ်းအားသစ် စာကြည့်တိုက်ကို ဩဂုတ် ၁၃ ရက်တွင်လည်းကောင်း အဆိုပါ ကျေးရွာများရှိ စာကြည့်တိုက် အဆောက်အအုံများတွင် ဖွင့်လှစ်ကြသည်။

အဆိုပါ စာကြည့်တိုက်များကို မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူး အောင်ဇော်လတ်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးသန်းဝင်းနှင့် ကောင်းဆာကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဖိုးမောင်၊ ဝိန်းဆာကျေးရွာဥက္ကဋ္ဌ ဦးစိုင်းစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက အမြင်သစ်စာကြည့်တိုက်သို့ စာအုပ် ၃၆၂ အုပ်နှင့် စွမ်းအားသစ် စာကြည့်တိုက်သို့ စာအုပ် ၂၆၃ အုပ် လှူဒါန်းကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မူလတန်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**သီပေါ ဩဂုတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မိုးတေကျေးရွာအုပ်စု မန်ကောင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မန်ကောင်းကျေးရွာ ကျောင်းအဆောက်အအုံသစ်၌ ကျင်းပသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးစိုးတင့်၊ မန်ကောင်း ဂေါကန်ကျောက်မိုင်းစခန်း တာဝန်ခံ ဦးစောစံထွန်းအောင်နှင့် မိုးတေကျေးရွာဥက္ကဋ္ဌ ဦးစိုင်းအောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မန်ကောင်းကျောင်း အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရင်းဇယားများကို မန်ကောင်းကျောင်း ဂေါတန်ကျောက်မိုင်းစခန်း တာဝန်ခံ ဦးစောစံထွန်းအောင်က လက်ထောက် မြို့နယ်ပညာရေးမှူး ဦးစိုးတင့်ထံ လွှဲပြောင်းပေးအပ်သည်။

### ကိုယ့်အားကိုယ်ကိုး

အဆိုပါမန်ကောင်းကျောင်းအဆောက်အအုံသစ်ကို မန်ကောင်း ဂေါတန်ကျောက်မိုင်းစခန်းမှ စေတနာရှင်များ၊ ကျေးလက်ပြည်သူများက ငွေကျပ် ၃၃ သိန်း အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၂၄၇)**

# သန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၁၅**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ် ၈ ရက်က ရောဝတီမြစ်ကမ်းဘေးတစ်လျှောက် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

# ရထားရဲတပ်ခွဲပေါင်းစုံ သိုင်းပြိုင်ပွဲ ကျင်းပ

**မြစ်ငယ် ဩဂုတ် ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အထက်မြန်မာပြည် တပ်ခွဲပေါင်းစုံ တပ်ဖွဲ့ဝင်များ၏ မြန်မာ့ရိုးရာသိုင်း (ဗန်တို)ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက် နံနက်က မြစ်ငယ်ရထားရဲတပ်ဖွဲ့ အမှတ်(၁၃) လုံခြုံရေးတပ်ခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ အထက်မြန်မာပြည် တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး ခင်မောင်ဝင်းက ပြိုင်ပွဲကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အတန်းလိုက်ပြိုင်ပွဲများ ကျင်းပသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို အထက်မြန်မာပြည် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး ခင်မောင်ဝင်းက ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး သိုင်းဆရာကြီး ဦးကျော်သိန်းနှင့် ဒိုင်အဖွဲ့ဝင်များအား အမှတ်(၁၃) ရဲတပ်ခွဲမှူး ဒုတိယရဲမှူး ကျော်ခင်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(၄၃၃)**

FIDELIO Hotel Management Software Course
•Reservations •Front Desk •Cashier
•Housekeeping •Rooms Management •Night Audit
မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော Fidelio Software သင်တန်းဖြစ်ပြီး
Certificate ရရှိနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။
MCC ဒီမိုကြီးအရေး (စီ) ၄၉ တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်မြို့။ ဖုန်း ၀၁-၂၉၈၀၁၊ ၀၁၅၂၀၄

SINGING ANOTHER TUNE WITH THE SAME MOOD
WE ARE ALSO HERE, FOR YOUR CONVENIENCE.
OPEN NOW!
FOOD CHANNEL Nawaday
Nawaday Cinema Garden Compound. Tel : 224266

ရောင်းမည်
HINO KM 300
လက်ရှိလိုင်းပြေးဆွဲလျက်ရှိ။
Ph: 573317

THAI
SPEAKING ONLY
☎ 555532

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတွင်
## ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာသင်တန်းအတွက်
## လျှောက်လွှာခေါ်ယူခြင်း
## (Diploma in Computer Maintenance)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတွင် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာသင်တန်း (Diploma in Computer Maintenance)(၁)နှစ်သင်တန်းအတွက် အောက်ဖော်ပြပါ သတ်မှတ် ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်သည်–

(က) သိပ္ပံ(ရူပဗေဒ)ဂုဏ်ထူးဘွဲ့ B.Sc(Phy:)(Hons:)သို့မဟုတ် M.Sc (Physic)၊ သို့မဟုတ် အစိုးရကွန်ပျူတာကောလိပ်များမှ B.C.Sc/ B.C.Tech(ရိုးရိုး)ဘွဲ့ ရရှိသူဖြစ်ရမည်။

(ခ) (၁–၁၀–၂၀၀၄)ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းသင်တန်းသားအဖြစ် အချိန်ပြည့်တက်ရောက်နိုင်ရမည်။

(ဃ) သင်တန်းပြီးဆုံးသောအခါ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။

၂။ အထက်မြန်မာနိုင်ငံအတွက် မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ်တော)နှင့် အောက်မြန်မာနိုင်ငံအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာသင်တန်းဌာနတို့တွင် ၁–၁၀–၂၀၀၄ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၃၀–၈–၂၀၀၄ရက်နေ့ မှစတင်၍ မိမိသက်ဆိုင်ရာဒေသရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရ ကွန်ပျူတာကောလိပ်များတွင် ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၇– ၉–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အဆိုပါကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သက်ဆိုင်ရာကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်။**

## လက်ထပ်ပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ အော်စတင်မြို့နေ (ဦးကျော်မြင့်)–ဒေါ်တင်တင်စိန် တို့၏သား

**မောင်ဝင်းမြင့်ခိုင်(ခ)Kyan Kee Lim**
**Electrical Engineer, National Instrument Co;Austin, U.S.A**

**နှင့်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးသန်းဝင်း [လ/ထ ညွှန်မှူး၊ ငြိမ်း)–ဒေါ်သင်း (မြတ်ဝတ်ရည်စတိုး)
တို့၏သမီး

**မနွယ်နီအေး**
**B.Sc (Hons.) in Applied Accounting, ACCA (Stage-III)**
**Oxford Brookes University, UK**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၃–၇–၂၀၀၄နေ့တွင် အော်စတင်မြို့၌ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းမြင့်ခိုင်–မနွယ်နီအေး။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်– ၂၄/မမ/ပြည်တွင်း/အထွေထွေပစ္စည်းများ (CME)

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Waste Cotton | (20000)-Lb |
| 2. | Painting Materials | (1)-Lot |
| 3. | $Co_2$ Wire | (1)-Lot |
| 4. | GI Pipe & Accessories | (1)-Lot |
| 5. | Bolt & Nut | (1)-Lot |
| 6. | Foam Rubber | (1)-Lot |
| 7. | Basin & Camode | (1)-Lot |
| 8. | Emery Cloth & Saw Blade | (1)-Lot |
| 9. | Battery 12V.200 & 150 Ah | (24)-Nos |
| 10. | Bearing Spring 11 D | (400)-Nos |
| 11. | Perspex Sheet 8'x4'x5t | (1000)-Sht |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်**–၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉–၈–၂၀၀၄)ရက်နေ့ မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက် အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်း နိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၆၁၃၁။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်းနေ
ဦးခင်ဇော် (Monsoon Maritime)–ဒေါ်သင်းသင်းယု
တို့၏ တစ်ဦးတည်းသောသား

**မောင်ဖြိုးကျော်သူ B.C.Sc (Q)**

**နှင့်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပြည်တော်သစ်ရိပ်သာနေ
ဦးအေးလွင် (ရွှေပဒေသာစာပေ)– ဒေါ်စန်းစန်းမြင့် တို့၏သမီးလတ်

**မရင်ငြိမ်းသူ (Final Year IC)**

တို့သည် ၁၁–၈–၂၀၀၄ နေ့တွင် Traders Hotel, Taung Ngu ခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီး ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးကျော်သူ–မရင်ငြိမ်းသူ။**

## သားဦးရတနာဖွားမြင်ခြင်းနှင့် ကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ကျွန်မတို့သားဦးရတနာအား ၅–၈–၂၀၀၄ ကြာသပတေးနေ့တွင် တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၌ ဖွားမြင်ခဲ့ပြီး ကိုယ်ဝန်ရှိချိန်မှ စ၍မွေးဖွားပြီးသည် အထိစေတနာ၊မေတ္တာဖြင့် ကူညီစောင့်ရှောက်ပေးခဲ့ကြသော သားဖွားမီးယပ်ပါရဂူကြီးများနှင့် ပါရဂူဆရာဝန်များ၊ ဆရာဝန်အရာရှိများနှင့် ဗိုလ်လောင်းဆရာဝန်များ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ သားဖွားဆရာမလောင်းများနှင့် အစစအရာရာ ကူညီပေးခဲ့ကြသော မိတ်ဆွေ အပေါင်းအသင်းများအား ကျေးဇူးတင်ရှိပါသည်။

**ကိုမင်းဇော်–မခင်ဒီပါထွန်း**
**(တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၊ မင်္ဂလာဒုံ)။**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်–၂၃၀(ဘီ)နေ ဒေါ်ခင်မာလွင်နှင့်ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်–၁၀၈(4-A)နေ ဒေါ်ထွန်းသီရိတို့သိစေရန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ၁၆၂လမ်း၊ အမှတ်–၁၆(ပထမထပ်)နေ ဦးစိုင်းစံမြင့်နှင့် ဒေါ်ဝင်းကလျာတို့၏ညွှန်ကြားချက်အရ ၁၈–၈–၂၀၀၄နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါ်ခင်မာလွင်နှင့် ဒေါ်ထွန်းသီရိတို့၏ကြော်ငြာကို ပြန်လည်ရှင်းလင်းကြေညာပါသည်။

"ဒေါ်ခင်မာလွင်နှင့် ဒေါ်ထွန်းသီရိတို့ထံမှ ဦးစိုင်းစံမြင့်နှင့် ဒေါ်ဝင်းကလျာ တို့က ငွေများလက်ခံရယူခဲ့သည်" ဆိုခြင်းမမှန်ပါ။

ဒေါ်ဝင်းကလျာတစ်ဦးတည်းသာလျှင် ဒေါ်ခင်မာလွင်ထံမှ ငွေကျပ် သိန်း၃၀ကို တစ်လလျှင် ၁၀၀ိ/–ကို ၅ိ/–တိုးနှုန်းဖြင့် ၁၅–၅–၂၀၀၄နေ့မှ ၁၅–၁၁–၂၀၀၄နေ့အထိ ၆လကာလ ချေးယူခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်ထွန်းသီရိထံမှ ငွေချေးယူခဲ့ခြင်း လုံးဝမရှိပါ။ ဒေါ်ထွန်းသီရိသာလျှင် ဒေါ်ဝင်းကလျာထံမှ ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် ငွေကျပ် (၁၄)သိန်းကို အတိုးမဲ့ချေးယူခဲ့ရာ ယနေ့တိုင် ပြန်မဆပ်သေးပါ။

ဒေါ်ခင်မာလွင်အား လစဉ်အတိုးငွေမှန်မှန်ပေးခဲ့၍ ဒေါ်ဝင်းကလျာဘက်က ပျက်ကွက်မှုမရှိပါ။ ၁၅–၁၀–၂၀၀၄နေ့တွင် ချေးငွေ ကျပ်သိန်း(၃၀)ကို ကျသင့်သောအတိုးနှင့်တကွ ဒေါ်ခင်မာလွင်အား ပြန်လည်ပေးဆပ်မည်ဖြစ် ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမြင့်ထွန်းနှင့် ဒေါ်ထွန်းသီရိတို့ယူဆောင်လာသော မည်သည့်စာသားမျှ ဖြည့်စွက်ထားခြင်းမရှိသော စာချုပ်အလွတ်ပေါ်တွင် ဒေါ်ဝင်းကလျာက လက်မှတ် ရေးထိုးပေးခဲ့၍ ထိုစာချုပ်ပေါ်တွင် မမှန်မကန်စာသားများ၊ ငွေပမာဏများ ဖြည့်စွက်ရေးသား၍ ဒေါ်ဝင်းကလျာအပေါ်တွင် တရားစွဲဆိုလာပါက ဒေါ်ဝင်းကလျာအတွက် ပြန်လည်တရားစွဲဆိုပေးရလိမ့်မည်ဖြစ်ကြောင်း သိစေ အပ်ပါသည်။

ဒေါ်ခင်မာလွင်ထံမှ ဒေါ်ဝင်းကလျာငွေချေးသည့်ကိစ္စကို ဦးစိုင်းစံမြင့် မသိရှိပါ။ ဦးစိုင်းစံမြင့်ပါဝင်ပတ်သတ်မှုလည်း လုံးဝမရှိပါဘဲလျက် ဦးစိုင်းစံမြင့်၏ အမည်ကိုပါထည့်သွင်းကြော်ငြာခြင်းအတွက် ဦးစိုင်းစံမြင့်၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသည့်အတွက် ဒေါ်ခင်မာလွင်တို့အပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုပေးရလိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ–ဒေါ်လှဲ့လှဲ့ရီ B.A,LL.B,DBL,DML**
**တရားရုံးချုပ်ရှေ့နေ**
**ဒေါ်စန်းချိုဦး LL.B, DBL**
**အထက်တန်းရှေ့နေ**
**၈၃/၁၁၊ ပန်းဆိုးတန်း၊ ဖုန်း–၅၃၅၆၇၃၊ ၃၇၇၂၇၆။**





## ဖခင်အမည်မှန်

အထက(၁)မ/ဥက္ကလာ၊ ဒသမတန်း (I)မှ မောင်တန်ထွန်းအောင်နှင့် အထက (၁)မ/ဥက္ကလာ အဋ္ဌမတန်း(J)မှ မောင်လှ ထွန်းအောင်တို့၏ဖခင်အမည်မှန်မှာ ဦးထွန်းယိုင် [၇/ပခန(နိုင်)၀၁၈၇၀၂] ဖြစ်ပါကြောင်း။

**ဦးထွန်းယိုင်**
**[၇/ပခန(နိုင်)၀၁၈၇၀၂]။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### ချိပ်ပိတ်တင်ဒါ(Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Auto Telephone | 110-Nos |
| 2. | PVC Insulation Drop Cable | 100-Coil |
| 3. | Battery Charger 12V. 10A | 12-Nos |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** - ၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉-၈-၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊**
**ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅-လိုင်းခွဲ-၆၀၂၊၆၁၃**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃)
## အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ် (၁၄၅)ကို ၂-၉-၂၀၀၄နေ့တွင်ဖွင့်မည်။
- ၂၄-၈-၂၀၀၄နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
- ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။
- သင်မောင်းလိုင်စင်"ခ"လိုင်စင်ရရှိရေး ဆောင်ရွက်ပေးသည်။
- သင်တန်းတက်ရောက်ရန် အခက်အခဲရှိသူများအတွက် သီးခြားစီစဉ်ပေးသည်။
- စနေ၊ တနင်္ဂနွေအထူးသင်တန်းကို ၂၅-၉-၂၀၀၄နေ့တွင်ဖွင့်မည်။
- အမှတ်-၂၄၀(၅)စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ စုံစမ်းရန် ဖုန်း-၀၁/၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Great Wall
Foreign Language Center
August . 28 September . 1 August . 28 September . 4

## ဝမ်းဆဲဗင်းဝမ်း မြန်မာထမင်းဆိုင်

Y.W.C.A

☎ - ၂၀၁၃၀၇ / ၃၈၀၀၄၂

Suntac Education

Advanced Surveying & Survey Instrument Application Course
Basic Course (Level I)
Advanced Survey Course (Level II)

Land Development Desktop
Basic Course (Level I)
Advanced Course (Level II)

R 4, Bldg 4, MICT Park, Hlaing University Campus, Hlaing T/S, Yangon.
PH: 652246 ommar@bagan.net.mm

LIGHT YEAR EDUCATION CENTRE

အသက်(၇)နှစ်မှ (၁၃)နှစ်အရွယ်
ကလေးများအတွက်
အင်္ဂလိပ်စာပေကျွမ်းကျင်မှုသင်တန်းများ

KG TO PRIMARY-6
- GCE COURSES
- GRAMMAR FOCUS
- SPEAKING
- BASIC WRITING
- VOCABULARLY

No. 43, Ngwe La Yaung Road.
U Chit Maung Lan
Bahan
Ph: 544728

SWE industry




## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

**စိုက်ကွင်း/ခြံ မန်နေဂျာ** ကျား (၄) ဦး
**စိုက်ကွင်း/ခြံကြီးကြပ်ရေးမှူး** ကျား (၄၀) ဦး

- စိုက်ပျိုးရေးပညာဘွဲ့ရ(သို့)ဒီပလိုမာဘွဲ့ရဖြစ်ရမည်။ စိုက်ကွင်း/ခြံလုပ်ငန်း အတွေ့အကြုံ အနည်းဆုံးလုပ်သက်(၃)နှစ်ရှိရမည်။
- အသက်(၃၀နှင့်၅၀)နှစ်အတွင်းရှိရမည်။ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး အသက်ကန့်သတ်ချက်အား လျော့ပေါ့စဉ်းစားမည်။
- အဓိကသီးနှံစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် ဂျုံ၊ ပြောင်း၊ နှမ်း၊ ပဲမျိုးစုံ၊ ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်း အတွေ့အကြုံရှိသူဦးစားပေးမည်။
- တာဝန်ကျရာ မည်သည့်အရပ်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။

**မှတ်ချက်**။ ။ လျှောက်ထားသူ သည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ဤကြော်ငြာပါပြီး(၇)ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၃၀၂)သို့ အမြန်ဆုံး ပေးပို့လျှောက်ထားနိုင်ပါသည်။

## အများသိစေရန်ကြေညာချက်

ဦးလှမြင့် [၁၂/ဒလန(နိုင်)၀၃၀၃၈၇]ကိုင်ဆောင်သူ၏ သားဖြစ်သူ ကိုအောင်မြင့် မှတ်ပုံတင်အမှတ် [၁၂/ဒလန(နိုင်)၀၃၀၃၉၀]ကိုင်ဆောင်သူနှင့် ကျွန်တော်ဟာဂျီဦးမျိုးမြင့် မိသားစုသည် မည်သို့မျှ ဆွေမျိုးတော်စပ်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ ပတ်သက်ခြင်း မရှိပါသောကြောင့် ကိုအောင်မြင့်နှင့် ပတ်သက်သည့် ကိစ္စအဝဝတို့ကို ကျွန်တော် ဦးမျိုးမြင့်က တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကျွန်တော်၏ဂုဏ်သိက္ခာကျဆင်းစေရန် မည်သည့်နည်းတစ်ခုခုဖြင့် မပြုလုပ်ရန် ကန့်ကွက်ပါကြောင်း၊ လိုက်နာခြင်းမရှိပါက ပြုလုပ်သူကို တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ဟာဂျီဦးမျိုးမြင့်**
**[၁၂/မဂတ(နိုင်)၀၃၀၃၇၇]။**

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ပွင့်စိန်ဦး(၇၇)နှစ်

